# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၁)


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား

## မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ဆက်လက်ဆောင်ရွက်ရမည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အာဏာတည်နိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖



မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) တွင် အမှာစကား ပြောကြားစဉ်။

## ယနေ့ မာ တိ ကာ



ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီမှ ဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း စာ ၁၀



လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြေထောက်ပဲ၊ ငှက်ပျောနှင့် ပြောင်းတင်ပို့နိုင်

ကုန်သွယ်စီးပွား စာ ၁၄

# လူတိုင်းအတွက် အစားအစာဘေးကင်းလုံခြုံရေး

လူတိုင်းကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ရေးတွင် နေ့စဉ်မဖြစ်မနေ စားသောက်နေကြရသည့် အစားအစာများ ဘေးကင်းလုံခြုံရေးကလည်း အရေးကြီးသည်။ ဘေးကင်းလုံခြုံသည့် အစားအစာဆိုသည်မှာ ဇီဝအန္တရာယ်၊ ဓာတုအန္တရာယ်၊ ရူပအန္တရာယ်များ ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝကာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည့် အစားအစာများပင်ဖြစ်သည်။ အစားအစာများ ဘေးကင်းလုံခြုံရေးကို နိုင်ငံတိုင်းက အလေးထားကြပြီး မိမိတို့နိုင်ငံသို့ ပြည်ပနိုင်ငံများမှ တင်သွင်းလာသော အစားအစာများ ဘေးကင်းလုံခြုံမှုရှိစေရန် သတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများ ပြဋ္ဌာန်းထားပြီး စဉ်ဆက်မပြတ် စစ်ဆေးမှုများ ပြုလုပ်ကြသည်။

အစားအစာကြောင့် ဘေးအန္တရာယ် ဖြစ်ပေါ်ကြရာတွင် လတ်ဆတ်မှု မရှိခြင်း၊ သက်တမ်းလွန်နေခြင်း၊ အစားအစာတွင် ပါဝင်နေသည့် ပစ္စည်းတစ်ခုခုကြောင့် ဓာတ်မတည့်ခြင်း၊ မှိုနှင့် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်များ ပါဝင်နေခြင်း၊ ဓာတ်ဆေး၊ ဆိုးဆေး၊ ပဋိဇီဝဆေးနှင့် ဖြည့်စွက်ဆေးများ၊ တာရှည်ခံဆေးများနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပါဝင်နေခြင်း၊ အစားအစာထဲတွင် ပြင်ပအရာဝတ္ထုများ (ချိတ်၊ အပ်၊ ဖန်ကွဲစ၊ ဖုန်၊ အမှိုက်၊ ပိုးဟပ် စသည်ဖြင့်) ပါဝင်နေခြင်း စသည်တို့ကြောင့် စားသုံးသူတွင် မူးဝေ၊ ပျို့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ဗိုက်အောင့်ခြင်းတို့ကို လတ်တလောခံစားကြရသလို ရေရှည်တွင် ကင်ဆာသကဲ့သို့သော နာတာရှည်ရောဂါများကိုပါ ဖြစ်စေနိုင်သည်။

အစားအစာများ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ရာတွင် စတင်ထုတ်လုပ်သည့်နေရာမှသည် စားသုံးသူ၏ စားပွဲပေါ်ရောက်သည်အထိ ကွင်းဆက်တစ်လျှောက်လုံးတွင် အလေ့အကျင့်ကောင်းများဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းလုပ်ဆောင်နိုင်ရန် လိုအပ်သည်။ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များတွင် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် အခြားစိုက်ပျိုးရေးဆေးဝါးသုံးစွဲမှုများကို ဘေးအန္တရာယ်မဖြစ်အောင် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခြင်း၊ သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်း၊ ရောင်းချခြင်း အဆင့်ဆင့်တို့တွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသား၊ ငါး စသည့်မွေးမြူရေးထွက်ကုန်များတွင်လည်း ကူးစက်ရောဂါများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းသော သားငါးများဖြစ်စေရန် လိုအပ်သည်။ ရောဂါတစ်စုံတစ်ရာဖြစ်ပေါ်သည့် တိရစ္ဆာန်များကို အသားပေါ်ပြီး တရားမဝင် ရောင်းချခြင်းဖြင့် ဝယ်ယူစားသောက်မိသူအဖို့ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကျရောက်နိုင်သည်။

အသင့်စား ရောင်းချသည့် စားသောက်ကုန်များတွင် ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်သည့် ရက်စွဲ၊ ပါဝင်သည့် ပစ္စည်းများနှင့် အလေးချိန်ပမာဏများ၊ ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များ၊ ထုတ်လုပ်သူလိပ်စာ၊ သုံးစွဲမှုအညွှန်းများ စသည်ဖြင့် အတိအကျ ဖော်ပြထားရသော်လည်း စားသောက်ဆိုင်ကြီးများနှင့် လမ်းဘေးဆိုင်များတွင်မူ သားငါး၊ ဟင်းသီးဟင်းရွက်ကုန်ကြမ်းများ၊ အိုးခွက်၊ စဉ်းတီတုံး၊ ဓား၊ ပန်းကန်၊ ဇွန်း စသည့် အသုံးအဆောင်များ၊ ပြင်ဆင်ချက်ပြုတ်သူ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် စဉ်ဆက်မပြတ် စစ်ဆေးနိုင်ရန်မှာ သက်ဆိုင်ရာဌာနများအဖို့ ခက်ခဲမည်ဖြစ်သည်။

အစားအစာများ ဘေးကင်းလုံခြုံရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့တွင် စားသောက်ကုန်ထုတ်လုပ်သူများ၊ စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချသူများအနေဖြင့် မိမိတို့ကိုယ်တိုင်စားသုံးမည့် အစားအစာကဲ့သို့ စေတနာထားကာ အထူးဂရုပြုဆောင်ရွက်ကြရန်လိုသည်။ ဤသည်မှာ ကျင့်ဝတ်တစ်ခုဖြစ်သလို စေတနာအကျိုးပေးဆိုသည့်အတိုင်း ကောင်းသည့်အကျိုးရလဒ်များ ပြန်လည်ရရှိမည်သာဖြစ်သည်။ စားသုံးသူများအနေဖြင့်မူ အစားအစာဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ ရှိထားကြပြီး ရှောင်ကြဉ်သင့်သည်တို့ကို ရှောင်ကြဉ်ကြကာ လုံခြုံဘေးကင်း သန့်ရှင်းကျန်းမာစေသည့် အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးနိုင်ကြပါစေကြောင်း။ ။



## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၂၁

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများ ပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် (၁၂)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ရောက်ရှိ



နေပြည်တော် ဇွန် ၂၁

သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် (၁၂) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဇွန် ၂၁ ရက်တွင် ရောက်ရှိသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဘရူနိုင်းနည်းပညာတက္ကသိုလ် (Universiti Technologi Brunei – UTB) ၌ ယင်းတက္ကသိုလ်၏ Vice-chair Dr. Hajah Ena က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ သင်ကြားသင်ယူမှု စနစ်များနှင့် သုတေသနလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ပတ်ဝန်းကျင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ဓာတ်ခွဲခန်းများ၊ အလုပ်ရုံများနှင့် သုတေသနခန်းများကို လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ဘရူနိုင်းနည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ နည်းပညာတက္ကသိုလ်များ သင်ကြားသင်ယူမှုနှင့် သုတေသန ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် (၁၂) ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးဝန်ကြီး H.E. Pengiran Dato Seri Setia Shamhary Mustapha က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး လက်ဆောင်ပစ္စည်းများ ဖလှယ်ပေးအပ်ကြသည်။

ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်တွင် လိုက်ပါလာသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် (၈၃) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး အာဆီယံဒေသတွင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သုတသနများ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများအား ညှိနှိုင်းဆွေးနွေးကာ (၁၂) ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ ဆက်လက်တင်ပြအတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

သတင်းစဉ်

## မအီမြို့ အ.ထ.က တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

မအီ ဇွန် ၂၁

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) အသိပညာပေး ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ဇွန် ၁၉ ရက်က မအီမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသက်နောင်ထွန်းက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ "မူးယစ်ကင်းစင် မြူမတင်၊ ဖြူစင်လှပ လူ့ဘဝ" ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ကျောင်းသား ကျောင်းသူများအား ဟောပြောသည်။ ဆက်လက်၍ မအီနယ်မြေရဲစခန်းမှ ဒုရဲအုပ် မျိုးဇင်ယုက မူးယစ်ဆေးဝါးနှင် ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲရောဂါဖြစ်သည့် (HIV/AIDS) ရောဂါအကြောင်းများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ကျောင်းသား ကျောင်းသူများက ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ (ဝဲပုံ) အဆိုပါ ဟောပြောပွဲနှင့် ပြပွဲသို့ ကျောင်းသားကျောင်းသူ ၃၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

မောင်မောင်ဌေး(ပြန်/ဆက်)

## သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၂၁**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**လိုအပ်သည်များဖြည့်ဆည်းပေး**

ဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ/မရှိ အခြေအနေ၊ ဆရာနှင့် ကျောင်းသား အချိုးမျှတမှု ရှိ/မရှိ အခြေအနေ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုအခြေအနေများနှင့် ဆက်လက်ပြုပြင်သွားမည့်အစီအမံများကို လိုက်လံကြည့်ရှုမေးမြန်းပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**အကန့်အသတ်မဲ့ဖုန်းခေါ်ဆိုခွင့်ပေးခဲ့**

ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးအော်ပရေတာများ၏ လူမှုအကျိုးပြုလုပ်ငန်းအနေဖြင့်

*စာမျက်နှာ ၄ သို့*



ATOM မှ စစ်တွေမြို့ရှိ အဓိဋ္ဌာန်ကျောင်း၊ အလိုတော်ပြည့်ကျောင်း၊ ရသေ့တောင်မြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့ရှိ အိမ်ထောင်စု ၂၅၀ အတွက် အိမ်ဆောက်ပစ္စည်းများ လှူဒါန်းစဉ်။



MPT မှ စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ လှူဒါန်းသည့် အင်တာနက်စနစ် ဆက်သွယ်တပ်ဆင်ပေးနေစဉ်။

- ❒ **ဒေသတွင်းနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို မိမိတို့ထက် ဆောလျင်စွာ ဖော်ဆောင်ကျင့်သုံးနေကြပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်**
- ❒ **ထို့ပြင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအနက်မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များသို့ ဝင်ရောက်ခြင်းလုပ်ငန်းစဉ်တွင်လည်း အခြားနိုင်ငံများနည်းတူ ပါဝင်နိုင်ရေးပြင်ဆင်ဆောင်ရွက်သွားကြရမည်**

❖ *ရှေ့ဖုံးမှ*

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယခုအစည်းအဝေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO)တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်နှင့်အညီ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေ (၄)ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်

မူပိုင်ခွင့်ဥပဒေ (၄)ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ယခုနှစ် ဧပြီ ၁ ရက်က အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်လက်ခံ၍ ယခုနှစ် ဧပြီ ၂၆ ရက်မှစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ဆက်လက်ဆောင်ရွက်ရမည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အာဏာတည်နိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များကိုလည်း ရွေးချယ်ပြီးဖြစ်သည့်အတွက် ထည့်သွင်းဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် မူပိုင်ခွင့်ဥပဒေများပါ အခန်း ၄၊ ပုဒ်မ ၈ အရ အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအနေဖြင့် နိုင်ငံတော်၏ မူပိုင်ခွင့်စနစ်တည်ထောင်ရာတွင် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် လိုအပ်သည့်ကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်ရေးနှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်ဆိုင်ရာစာချုပ်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကိုလည်း ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်ရာတွင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းကို အခြား အဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို မိမိတို့ထက် ဆောလျင်စွာ ဖော်ဆောင်ကျင့်သုံးနေကြပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအနက် မူပိုင်ခွင့်ဆိုင်ရာနိုင်ငံတကာသဘောတူ စာချုပ်များသို့ ဝင်ရောက်ခြင်းလုပ်ငန်းစဉ်တွင်လည်း အခြားနိုင်ငံများနည်းတူ ပါဝင်နိုင်ရေးပြင်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီတွင်ပါဝင်သည့် တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ်တစ်ရပ်ကို ဖော်ဆောင်ကျင့်သုံးရာတွင် မိမိတို့နှင့် သက်ဆိုင်သည့်အခန်းကဏ္ဍများကနေ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဝန်ကြီးဌာနအနေဖြင့် မူပိုင်ခွင့်ကဏ္ဍတိုးတက်ရေးဆောင်ရွက်နေမှု၊ မူပိုင်ခွင့်ဥပဒေများ အတည်ပြုပြဋ္ဌာန်းခဲ့မှု၊ သက်ဆိုင်ရာဌာနများမှ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခဲ့မှု၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ ခန့်အပ်သွားမည့်အခြေအနေ၊ မူပိုင်ခွင့်အေဂျင်စီ ဖွဲ့စည်းထားရှိမှု၊ မူပိုင်ခွင့်များလျှောက်ထားလာမှုနှင့် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်နှင့်ပတ်သက်၍ အနာဂတ်ကာလတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ(၂/၂၀၂၂)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ အမှာစာများကို အစည်းအဝေးသို့ ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွန့်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ဆုံးဖြတ်ချက် (မူကြမ်း)ကို အတည်ပြု

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက် (မူကြမ်း)ကို အတည်ပြုသည်။

ဆက်လက်၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

၎င်းတို့၏ မိုဘိုင်းဖုန်းအချင်းချင်း ခေါ်ဆိုမှုကို ဇွန်လ ၁၅ ရက်မှ ၃၁ ရက်အထိ အကန့်အသတ်မဲ့ ဖုန်းခေါ်ဆိုခွင့်၊ SMS အခမဲ့ပေးပို့ခွင့်နှင့် အင်တာနက်ဒေတာစုစုပေါင်း 5GB တို့ကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် အသုံးပြုရန်အတွက် အော်ပရေတာများက အင်တာနက်ဝန်ဆောင်မှုကို သုံးနှစ်အခမဲ့ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ စစ်တွေပြည်သူ့ဆေးရုံကြီးနှင့် ကွန်ပျူတာတက္ကသိုလ်၌ MPT က လည်းကောင်း၊ စစ်တွေတက္ကသိုလ်၊ စစ်တွေပြည်သူ့ဆေးရုံကြီး၊ ဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာ၌ MYTEL က လည်းကောင်း၊ သူနာပြုသင်တန်းကျောင်းနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့၌ ATOM က လည်းကောင်း၊ စစ်တွေနည်းပညာတက္ကသိုလ်နှင့် တိုင်းရင်းဆေးရုံကြီးတို့၌ OOREDOO ကလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အင်တာနက်ဖိုင်ဘာကြိုးတပ်ဆင်**

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ Mytel မှ အင်တာနက်ဖိုင်ဘာကြိုးများ တပ်ဆင်နေမှုကို တွေ့ရစဉ်။

**အင်တာနက် (100 Mbps) နှုန်းကို လှူဒါန်း**

စစ်တွေတက္ကသိုလ်၌ Mytel အော်ပရေတာမှ အင်တာနက် (100 Mbps) နှုန်းကို လှူဒါန်းစဉ်။



---

## သဲကုန်းမြို့၌ စားသုံးကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**သဲကုန်း ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့၌ စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဇွန် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် ရပ်ကွက်နေပြည်သူများ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်ရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက လာရောက်ဝယ်ယူကြသူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ် (ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၂၁**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၃)ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက် အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အချိန်မြင့်ဆောင်ရွက်နေ**

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း နည်းဥပဒေအခန်း ၅ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်အရ ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရန် လိုအပ်ပါကြောင်း၊ ယခုအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်လာနိုင်ပြီဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် လာမည့် ပွင့်လင်းရာသီ ခရီးသွားကာလမရောက်မီတွင် ကြိုတင်ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် အဓိကအားဖြင့် လူများတိုက်ရိုက်ပါဝင်နေရသည့်သဘောသဘာဝရှိသည့်အတွက် ကပ်ရောဂါဖြစ်ပွားခြင်း၊ ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည့် ပြင်ပရိုက်ခတ်မှုများကြောင့် အဟန့်အတားများဖြစ်စေသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ယင်းအချက်များ ရှိနေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်း ကျဆင်းလာသည့် သဘောရှိပါကြောင်း၊ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံတကာ လေကြောင်းလိုင်းများ ရပ်နားသွားပြီး ခရီးသွားကန့်သတ်ချက်များ ရှိခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများသည် လုံးဝနီးပါး ရပ်တန့်သွားခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမတိုင်မီ ၂၀၁၉ ခုနှစ်တွင် ခရီးသည် ၄ ဒသမ ၃၆ သန်းလာရောက်ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ခရီးသည် ကိုးသိန်း၊ ၂၀၂၁ ခုနှစ်တွင် တစ်သိန်း ကျော်သာ ဝင်ရောက်ခဲ့ပါကြောင်း။

**ပြန်လည်တိုးတက်လာ**

၂၀၂၂ ခုနှစ်၊ ဧပြီလကစ၍ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားသားများ ဝင်ရောက် ခွင့်ပြုခဲ့ခြင်းကြောင့် တစ်စတစ်စ ပြန်လည်တိုးတက်လာပြီး ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၃ သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ စာရင်းဇယားများအရ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ခရီးသည် ၁၁ ဒသမ ၁ သန်း၊ လာအိုနိုင်ငံသို့ တစ်သန်း၊ ကမ္ဘောဒီးယားနိုင်ငံသို့ ၂ ဒသမ ၂ သန်း၊ ဗီယက်နမ်နိုင်ငံသို့ ၃ ဒသမ ၄ သန်း အသီးသီး လာရောက် လည်ပတ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ ဆောင်ရွက်ရမည်ကို မီးမောင်းထိုးပြနေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ခရီးသည်များ ဝင်ထွက်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ (ဥပမာအားဖြင့် e-Visa နှင့် ပတ်သက်၍ ဖြေလျှော့ပေးရမည့်လုပ်ငန်းများ) ဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသွားများကို မက်လုံးပေးသည့် အစီအစဉ်များဖြစ်သည့် အထူးဈေးနှုန်းပေးအစီအစဉ်များ၊ Tax Refund ပေးခြင်းအစီအစဉ်များ စသည်တို့ကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို အချိန်ကုန်သက်သာပြီး ထိရောက်မည့် Online Platform၊ Online Marketing ဖြင့် ကြေညာခြင်းများကို ယနေ့အချိန်အခါတွင် ဆောင်ရွက်၍ ရပါကြောင်း။

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

နောက်တစ်ချက် အနေဖြင့် ငွေလဲလှယ်နှုန်း ဖြစ်ပါကြောင်း၊ မိမိတို့ဗဟိုဘဏ်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းမူဝါဒအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ပဘဏ်မှလွှဲသည့် ငွေများနှင့် ပတ်သတ်၍လည်း ယင်းမူဝါဒအတိုင်းသာ ဆောင်ရွက်ရပါကြောင်း။

ထို့အတူ နိုင်ငံခြားတွင် အသုံးပြုသည့် Master Card နှင့် Visa Card များကို နေရာတိုင်းတွင် သုံးစွဲခွင့်ရရန် လိုအပ်သည်ကို သုံးသပ်ရပါကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းများကို နိုင်ငံတကာမီဒီယာများက သိရှိစေရန်အတွက် များစွာလိုအပ်နေသေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမီဒီယာ သိရှိစေရန်အတွက် ခရီးသွားလုပ်ငန်း ပြပွဲများ၊ ကုန်စည်ပြပွဲများ မိမိတို့နိုင်ငံတွင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် လုပ်ဆောင်နေသည့် ခရီးသွားလုပ်ငန်း ပြပွဲများသို့ အရောက်သွား၍ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံတကာက သိရှိစေရန် ဆောင်ရွက်ပေးရန် လိုအပ်သည့်အပြင် နိုင်ငံတကာ ဈေးကွက်ရှာဖွေပေးသည့် အေဂျင်စီများဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ အဓိကလုပ်ငန်းတစ်ရပ်သည် ဘေးကင်းလုံခြုံမှုရှိရန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ လုံခြုံရေးအရ မသွားသင့်သည့်နေရာ၊ သွားသင့်သည့်နေရာများကို ထုတ်ပြန်ပေးထားပါကြောင်း၊ နောက်ပိုင်းတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ ဖြေလျှော့ပေး၍ရမည့် နေရာများကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟိုကော်မတီ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေ၊ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီခြောက်ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု အခြေအနေများနှင့် ကြိုတင်ခွင့်ပြုချက်နှင့် လိုင်စင်လျှောက်ထားမှုများ၌ တင်ပြရသည့် အထောက်အထားများ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ထားမှု အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**သာယာဝတီ ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ဦးဆောင်၍ ယနေ့ နံနက်ပိုင်းက ဈေးရပ်ကွက်ရှိ ဈေးလမ်း၌ ရောင်းချပေးသည်။

ယင်းသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၈၀၀ နှုန်း၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၃၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို မြို့နယ်အတွင်းရှိ ပြည်သူများထံသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်၌ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကြွေးကျန်များ စနစ်တကျကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်မြို့နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဘဏ်ခွဲများတွင် ရယူထားသော လယ်ယာမြေ လုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၇) မူရင်းများ ကွဲလွဲမှုမရှိစေရေး သက်ဆိုင်ရာ လယ်ယာမြေစိစစ်ရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် အမြဲမပြတ်စိစစ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဆူးလေဘုရားလမ်းရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မရှင်၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ငွေချေးသက်သေခံလက်မှတ်ဖြစ်သည့် ရှယ်ယာများ ထုတ်ဝေရောင်းချသည့် အရည်အသွေးမီ အများပိုင်ကုမ္ပဏီများဖြစ်လာစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်စံနှုန်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန်၊ တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံသူပြည်သူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကော်မရှင်ရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားပြီး နိုင်ငံပိုင်ဘဏ်များက တင်ပြလာသော ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍရှိ စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုအပ်သည့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဘဏ်ရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ဆေးရုံကြီးဝင်းအနောက်ဘက်ခြမ်း၌ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေထွက်ပေါက်ပြန်လည်ပြုပြင်နေမှုနှင့် စေတီယျရပ်ကွက်ရှိ ငါးလုပ်ငန်းဦးစီးဌာန ရေငန်ပုစွန်သားဖောက်စခန်း ဝန်ထမ်းနေအိမ်လိုင်းခန်းများ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် သပြေကုန်းရပ်ကွက်ရှိ မြို့လယ်ချောင်းမှ အမှိုက်များကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုများနှင့်အတူ ပူးပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး ခန်းမ၌ ပြုလုပ်သော ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးမျိုးစေ့ထုတ်စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်မည့် အကျိုးဆောင် တောင်သူများအား မျိုးစပါး၊ မျိုးစေ့ထုတ်လုပ်ငန်း ဧက ၁၂၀ အတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် (MPE)ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို တက်ရောက်ပြီး ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူများသို့ မျိုးစပါး တင်း ၁၂၀နှင့် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူများအား (MPE)ယူရီးယားဓာတ်မြေဩဇာအိတ် ၁၀၀၀ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာကြသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုရှိခဲ့သည့် တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးပို့သည့် မျိုးစပါးနှင့် ဓာတ်မြေဩဇာအိတ်များ ပျက်စီးမှုမရှိဘဲ သိုလှောင်ထားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကကျာဘက်ကံပြင်ကျေးရွာအုပ်စု မြို့မစေတီတောင်ကျေးရွာရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်စခန်းသို့ သွားရောက်၍ ဘူးသီးတောင်မြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ငါးသားပေါက်မွေးမြူမှု၊ ငါးသားပေါက် ဖြန့်ဖြူးထောက်ပံ့ပေးနိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

လက်ပံတန်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ရန်ကုန်-ပြည်လမ်း မိုင်တိုင် ၉၁/၂ နှင့် ၉၄/၄ အတွင်း ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအောင်ရဲဝင်းနှင့် ဒေသခံများက ပျိုးပင်ပေါင်း ၅၀၀ ကိုစိုက်ပျိုးစဉ်။

မြို့နယ်(ပြန်/ဆက်)



ဖျာပုံမြို့ ကျိုက္ကမ္မမ်လိပ်ဥကုန်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များက ပျိုးပင်ပေါင်း ၅၀၀ ကို စိုက်ပျိုးစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)



## ပြည်သူ့အလုပ်သမားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၁ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇွန်လ ၂၁ ရက် )

**ပြည်သူ့အလုပ်သမားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ အခန်း (၂၅)၊ တိုက် (၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အလုပ်သမားပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့အလုပ်သမားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၂၆) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၂ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇွန်လ ၂၁ ရက် )

**မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ မြို့တော်(၂)လမ်း၊ အမှတ် (စီ/၁၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)**၏ မှတ်ပုံတင်အမှတ်မှာ ( ၂၇ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မုတ်သုံလေ အားကောင်းနေ

နေပြည်တော် ဇွန် ၂၁ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ မိုး/ဇလ

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၁

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အစိုးရရပ်ကွက်ရှိ ရေမြောင်းအတွင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မြို့မရပ်ကွက်ရှိ ရေမြောင်းအတွင်း၌ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအဖွဲ့လုပ်ဆောင်ချက်များအား ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း လာရောက် စစ်ဆေးကြည့်ရှုသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ တန်းအေးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဘာဆာရာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇွန် ၂၁

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့က ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



သတင်းစဉ်

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့်စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းအဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မိုခါမုန်တိုင်း စုပေါင်းမှုအင်အားရလဒ် မှတ်တမ်းဗီဒီယိုနှင့် ပန်းတိုင်းပွင့်၍ မွေးပါစေ မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပညာရေးဆိုသည်မှာ လောကဓံကို ကြုံတွေ့ရသည့်အခါ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သည့် စိတ်နှင့် ရုပ်လက္ခဏာများကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပညာတတ်လျှင် ကျန်းမာအောင်နေတတ်လာမည်၊ ပညာတတ်လျှင် ချမ်းသာအောင် နေတတ်လာမည်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်ကြောင်း၊ "သန့်ရှင်းတဲ့နားအကြားအမြင်များသည်၊ စင်ကြယ်တဲ့စိတ် အသိများသည်" ဆိုသည့် စကားကို စွဲမြဲစွာ မှတ်သားပြီး ဆောင်ရွက်ပါက ဘဝတွင် အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း။

ပညာသည် ဘဝနှင့်ဆိုင်သည့် အသိပညာ၊ အတတ်ပညာများ ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သည့် လူမျိုး၊ ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝသော နိုင်ငံဖြစ်အောင် ကောင်းမွန်သည့် ပညာရေးစနစ်၊ တစ်နည်းအားဖြင့် ပညာတတ်သည့် မျိုးဆက်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ တပည့်ကောင်းများ ဖြစ်အောင် ကြိုးစားရမည်ဖြစ်သကဲ့သို့ နောင်တစ်ချိန်တွင် တိုင်းပြည်ကို ဦးဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ပညာပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများနှင့် နေထိုင်တတ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပညာသည်သာလျှင် စစ်မှန်သည့်တန်ဖိုးဖြစ်သည့်အတွက် ကျောင်းသူ ကျောင်းသားများအနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ဝန်ကြီးရုံးကိုယ်စားလှယ်ထံ ပေးအပ်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ပေးအပ်ချီးမြှင့်ရာ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၏ဇနီးက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ၏ သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ကိုယ်စားလှယ်များထံ ချီးမြှင့်ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မဆုပြည့်သဇင်နှင့် မနှင်းလှဲ့ရည်၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ခွန်သုခဇေ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မနှင်းရတနာ၊ သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မခင်ဝါဝါအောင်နှင့် မရိုးစ်ဗန်သင်ဆုန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၏ဇနီးက တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့် မောင်မင်းဟိန်းသန့်နှင့် မဒေဝီကျော်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မှုမှာ မူလတန်း ၁၄၂၇ ဦး၊ အလယ်တန်း ၆၇၅ ဦး၊ အထက်တန်း ၄၇၃ ဦး၊ တက္ကသိုလ် ၄၁၆ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၉၉၁ ဦးရှိကာ မူလတန်းကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ငါးထောင်နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အထက်တန်းတစ်ဦးလျှင်ငွေကျပ် တစ်သောင်းနှင့် ဗလာစာအုပ်နှစ်ဒါဇင်နှင့် တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ငွေကျပ် တစ်သောင်းခွဲနှင့် ဗလာစာအုပ်နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့မှု ငွေကျပ် ၅၂၆၇၅၀၀ ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရိုးရိုးအောင်မြင်သူ ၃၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် ဘာသာစုံဂုဏ်ထူးရှင် နှစ်ဦးတို့ရှိခဲ့ပြီး ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၏ စုစုပေါင်း ထောက်ပံ့ချီးမြှင့်ငွေကျပ် ၅၈၀၆၇၅၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖွင့်လှစ်ဆောင်ရွက်နေခြင်းမရှိသည့်အတွက် ငွေကြေးဆုံးရှုံးမှုမရှိနိုင်ဘဲ နိုင်ငံခြားငွေနှင့် ကုန်သွယ်ငွေပေးချေမှု ဝန်ဆောင်မှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ယခင်ကာလများကလည်း အလားတူ အရေးယူပိတ်ဆို့မှုများ တွေ့ကြုံခဲ့ရသော်လည်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့သည် နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးရပ်တန့်မှု မရှိဘဲ စနစ်တကျ ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ယခုထွက်ပေါ်နေသည့် သတင်းများနှင့်ပတ်သက်၍ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သည့် မိဘပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြပူပန်ခြင်းမရှိဘဲ ယုံကြည်စွာဖြင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုကို နိုင်ငံပိုင်ဘဏ်(၂)ဘဏ်တည်းမှသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများမှလည်း ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က သတ်မှတ်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားသုံးငွေလွှဲပြောင်း၊ ပေးပို့၊ လက်ခံသည့်ကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အလုပ်သမား၊ သင်္ဘောသား လုပ်ခ၊ လစာများလွှဲပို့ခြင်းကိစ္စရပ်များအတွက် အဆင်ပြေစေရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဘဏ်နှင့်ဆက်သွယ်သူပြည်သူများ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ၁၁ လသားအရွယ်တွင် အရပ် အမြင့် ၃ ပေ ၈ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၆၀၇ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းအပတ်စဉ်(၄) နေပြည်တော်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း အပတ်စဉ်(၄) နေပြည်တော်ကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်ပြီး သင်တန်းသို့ တက်ရောက်လျက်ရှိကြသည့် သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ဇွန် ၁၇ ရက် ညနေပိုင်းက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာ ဖြူဖြူအိကမိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် မဟာဘွဲ့သင်တန်းများကို ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ နေပြည်တော်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းကို မိတ္ထီလာတွင် အပတ်စဉ်(၁၈)ရှိပြီဖြစ်ကြောင်း၊ နေပြည်တော်တွင် ယခု အပတ်စဉ် (၄)ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုနှစ် ဝင်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကိုယ်စား လှိုက်လှိုက်လှဲလှဲ နွေးထွေးစွာကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသင်တန်း Program Director ဒေါက်တာဖြူဖြူသိန်းက ဘာသာရပ်နှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။



**ရွှေပင်လယ်**

# အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့်အတူ မျှော်မှန်းထားသည့် အာဆီယံအသိုက်အဝန်းတစ်ခု ထူထောင်နိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်



နေပြည်တော် ဇွန် ၂၁

**(၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ Virtual စနစ်ဖြင့် တက်ရောက်သည်။ (ယာပုံ)**

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မလေးရှားနိုင်ငံမှ Mr. YB ADAM ADLI ABD MALM က ဒေသတွင်းလူငယ်များ၏ စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ရန် "စိတ်ကျန်းမာရေး ပြဿနာများအားလုံးနှင့်အတူ ရင်ဆိုင်ကျော်လွှား" ဆောင်ပုဒ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### အသိပညာပေးဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်း ၈၇ ဦး၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ကြရသည့် အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ် ၂၄၀ နှင့် ကလေးငယ် ၂၅၀ တို့ စိတ်လူမှုဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ကာလအတွင်း စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များထံသို့ အသိပညာပေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

### ပြုစုပျိုးထောင်ပေး

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ ၂၀၂၃ ခုနှစ် မေလအတွင်းက အနောက်ဘက် ရခိုင်ကမ်းမြောင်ဒေသမှတစ်ဆင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ လူငယ်များအပါအဝင် ပြည်သူများကို စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ရေး ပညာရှင်များနှင့် လူမှုဝန်ထမ်းသမားများကို စုစည်း၍ အဖွဲ့များဖွဲ့စည်းကာ စေလွှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးဆက်သစ်လူငယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသည့် လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့်အတူ မျှော်မှန်းထားသည့် အာဆီယံအသိုက်အဝန်းတစ်ခုကို ထူထောင်နိုင်ရန် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြစေလိုကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည့် "သဟဇာတဖြစ်တဲ့ အာဆီယံလူ့အဖွဲ့အစည်းတစ်ခုကို လူငယ်တွေရဲ့ အင်အားနဲ့ ဖန်တီးဖော်ဆောင်သွားကြပါစို့"ဆောင်ပုဒ်ဖြင့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးပြောကြား

ဆက်လက်၍ နိုင်ငံအလိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ကိုယ်စားပြုဝန်ကြီးများက (၁၂) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားကြပြီး အစည်းအဝေးနံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ကျင်းပရာ အာဆီယံအပေါင်း (၃) လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉) ကြိမ်မြောက် အာဆီယံအပေါင်း(၃)လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ(သို့မဟုတ်) နိုဝင်ဘာတွင် နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် နိုင်ငံတာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များအကြား နားလည်မှုနှင့်ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုများရှိရန်လိုကြောင်း ပြောကြားသည်။

### တာဝန်လွှဲပြောင်းပေးအပ်

ယင်းနောက် ယခုအစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် မလေးရှားနိုင်ငံနှင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတို့မှ (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉) ကြိမ်မြောက် အာဆီယံအပေါင်း (၃) လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အား တရားဝင် တာဝန်လွှဲပြောင်း ပေးအပ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်၊ ရာသီဥတုကို အထောက်အကူ ဖြစ်စေရန်နှင့် အရိပ်အာဝါသရရှိစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကော်မရှင်ရုံးပတ်ဝန်းကျင်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက သက်ဆိုင်ရာ ဦးစီးဌာနများ ဖြစ်ကြသည့် ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနများထံ ပျိုးပင်များလွှဲပြောင်းပေးအပ်ပြီး ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်၍ စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ယနေ့ပြုလုပ်သည့် ပထမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းလာစေရန်၊ သစ်တောပြုန်းတီးမှုများ တိုက်ဖျက်နိုင်ရန်၊ အဖိုးတန် ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ရန်၊ ပိုမိုစိမ်းလန်းပြီး ရေရှည်တည်တံ့သည့် အနာဂတ်များကို ဖော်ဆောင်နိုင်ရန်၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် အမွေအနှစ်များ ဖန်တီးပေးနိုင်ရန်၊ အရိပ်အာဝါသပေးစွမ်းနိုင်ပြီး လေထု၏အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ကော်မရှင်ရုံး ဝန်ထမ်းများသည် ပျိုးပင်များကို တက်ကြွစွာပါဝင် စိုက်ပျိုးကြသည်။



ကော်မရှင်အနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ပျိုးပင် ၅၁၇ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## သာပေါင်းမြို့နယ်၌ တိရစ္ဆာန်အစာပင် စိုက်ပျိုး

**သာပေါင်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ်အစီအစဉ်ကို ယမန်နေ့က ပျဉ်းမထုံးကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာနေ မွေးမြူရေးလုပ်ကိုင်သူ ဦးအောင်ဌေး၏ ယာမြေ၌ တိရစ္ဆာန်အစာပင် (နေပီယာမြက်) တစ်ဧကတွင် လက်တွေ့စုပေါင်းစိုက်ပျိုးကြသည်။ ၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ်အဖြစ် ဇွန် ၁၉ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**



ဘိုကလေးမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၃ခုနှစ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ကဒုံကနီကြိုးဝိုင်း အကွက်အမှတ်(၅၈)၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တက်ရောက်လာကြသူများက ဒီရေတောပျိုးပင် စုစုပေါင်း ၁၈၁၅ ပင်ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မိုးစက်(ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီမှ ဆောင်ရွက်ချက်များ

*တွေ့ဆုံမေးမြန်း- ဝင်းဝင်း*

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center- DMC)သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါ မုန်တိုင်းနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်။



ဘူးသီးတောင်မြို့နယ်၌ အထူးကုဆေးအဖွဲ့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

**မေး ။ ။ မိုခါမုန်တိုင်းမဖြစ်ပွားမီ ကျန်းမာရေးကဏ္ဍအနေနဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတွေကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ကျန်းမာရေးဝန်ကြီးဌာနက မိုးတွင်းကာလနီးလာပြီဆိုရင် မိုးတွင်းကာလမှာဖြစ်ပေါ်နိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေအတွက် ကျန်းမာရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်တွေဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်ခြင်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ဖို့ ကြိုတင်ပြင်ဆင်လေ့ရှိပါတယ်။

ယခုနှစ်မိုးရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်းအနေနဲ့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဦးစီးဌာနအသီးသီးက ကော်မတီဝင်တွေ ပါဝင်ပြီး သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာရင် အဆင်သင့်ဖြစ်စေရေး စွမ်းအားစုတွေကို ဆန်းစစ်ပြီး လိုအပ်တာတွေကို အသင့်ပြင်ဆင်ထားရှိဖို့၊ အရေးပေါ်ဆက်သွယ်မှုလမ်းကြောင်း ဖွင့်လှစ်ထားရှိဖို့၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုတွေကို တုံ့ဆိုင်းမှုမရှိ ဆောင်ရွက်နိုင်ဖို့ ဇာတ်တိုက်လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် လေ့ကျင့်ထားဖို့၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ နီးနွှယ်ဌာနတွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ Coordination Mechanism ကို ခိုင်မာအောင် ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့ပါတယ်။

ဧပြီလအတွင်းမှာပဲ သဘာဝဘေးနဲ့ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပွားလာရင် ကူးစက်ရောဂါဖြစ်ပွားမှုအပါအဝင် လိုအပ်တဲ့ ကျန်းမာရေး သတင်းအချက်အလက်တွေကို စောစောစီးစီး ရယူနိုင်ဖို့နဲ့ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး/ပြည်နယ်တွေက ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် Early Warning, Alert and Response System(EWARS) (စောစီးစွာသတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်) သင်တန်းကို ဖွင့်လှစ်ပြီး သင်ကြားပို့ချခဲ့ပါတယ်။

နောက်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍအနေနဲ့ မေ ၅ ရက်မှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ကုသရေးဦးစီးဌာနတွေက တာဝန်ရှိသူတွေနဲ့ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ၊ အသင့်အနေအထားအခြေအနေအတွက် လိုအပ်တာတွေကို ပြည်နယ်တစ်ခုချင်း၊ တိုင်းဒေသကြီးတစ်ခုချင်းအလိုက် အသေးစိတ်လမ်းညွှန်တဲ့ ညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ခဲ့ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်းမိုခါဝင်ရောက်မှာကို သိရတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မေ ၇ ရက်ကစပြီး ကျန်းမာရေးဝန်ကြီးဌာနမှာ ပြည်သူ့ကျန်းမာရေးအရေးပေါ် စီမံခန့်ခွဲမှုဗဟိုဌာန (Public Health Emergency Operations Centre–PHEOC)ကို ၂၄ နာရီ ဖွင့်လှစ်ပြီး တာဝန်ချထားခဲ့ပါတယ်။ မိုခါမုန်တိုင်းဖြစ်ပွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုတွေ ရပ်တန့်မှုမရှိဘဲ ချက်ချင်းဆောင်ရွက်ပေးနိုင်ဖို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ ဆေးနဲ့ ဆေးပစ္စည်း၊ ကျန်းမာရေးဆိုင်ရာစက်ပစ္စည်းကိရိယာ စတာတွေနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုအနေနဲ့ စီမံခန့်ခွဲမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ပြင်ဆင်ထားရှိမှုကို သိလိုပါတယ်။**

ဖြေ ။ ။ အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန(PHEOC)ကို စတင် Activate လုပ်တဲ့ မေ ၇ ရက်မှာပဲ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးတွေနဲ့ အရေးပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ သဘာဝဘေးဖြစ်ပွားလာပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အထူးကုဆေးအဖွဲ့တွေ၊ ဆေးအဖွဲ့တွေ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေ ကြိုတင်ဖွဲ့စည်းထားရှိမှု၊ ဆေးနဲ့ဆေးပစ္စည်းတွေကို ဘေးကင်းရာနေရာကို ကြိုတင်ပို့ဆောင်ထားရှိမှု၊ ကျန်းမာရေးဌာနအဆောက်အအုံတွေ၊ ဆေးရုံသုံး စက်ပစ္စည်းတွေ၊ ဆေးနဲ့ဆေးပစ္စည်းတွေ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေး ကြိုတင်ပြင်ဆင်ထားရှိမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ လူနာတွေ၊ ဝန်ထမ်းတွေ၊ သူနာပြုသားဖွားသင်တန်းကျောင်းတွေက သင်တန်းသားသင်တန်းသူတွေကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်းထားဖို့၊ မုန်တိုင်းကျရောက်ပြီး ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အမြန်ဆုံးပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိဖို့နဲ့ လိုအပ်နိုင်တဲ့ဆေးတွေ ကြိုတင်ဝယ်ယူထားဖို့စတာတွေကို ဆွေးနွေးမှာကြားခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး ဗဟိုအဖွဲ့နဲ့ နံနက်ပိုင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတွေ ပါဝင်ပြီး ညနေပိုင်း နေ့စဉ်အစည်းအဝေးတွေ ပြုလုပ်ပြီး မိုခါမုန်တိုင်းဖြစ်ပွားလာရင် ကျန်းမာရေးကဏ္ဍက မြေပြင်မှာ အမှန်တကယ် အဆင်သင့်ဖြစ်စေဖို့ ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

အထူးသဖြင့် မေ ၁၀ ရက်မှ ၁၃ ရက်အထိမှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း မြို့နယ်တွေက ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးတွေနဲ့ virtual

◆ **တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ သဘာဝဘေးဖြစ်ပွားလာပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အထူးကုဆေးအဖွဲ့တွေ၊ ဆေးအဖွဲ့တွေ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေ ကြိုတင်ဖွဲ့စည်းထားရှိမှု၊ ဆေးနဲ့ဆေးပစ္စည်းတွေကို ဘေးကင်းရာနေရာကို ကြိုတင်ပို့ဆောင်ထားရှိမှု၊ ကျန်းမာရေးဌာနအဆောက်အအုံတွေ၊ ဆေးရုံသုံးစက်ပစ္စည်းတွေ၊ ဆေးနဲ့ဆေးပစ္စည်းတွေ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး ကြိုတင်ပြင်ဆင်ထားရှိ**

◆ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကုသသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ကလည်း မုန်တိုင်းအတွက် လိုအပ်တဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကို ကူညီပံ့ပိုး**




ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း

စနစ်နဲ့တွေ့ဆုံပြီး မုန်တိုင်းမကျရောက်မီ ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရမယ့် လုပ်ငန်းစဉ်တွေကို အသေးစိတ်ဆွေးနွေးပြီး ဆောင်ရွက်ရမယ့်လုပ်ငန်း၊ လိုအပ်တဲ့ အရင်းအမြစ်၊ ဆေးနဲ့ဆေးပစ္စည်း၊ ရန်ပုံငွေစတာတွေကို ဖြည့်ဆည်းပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သုံးသပ်ပြီး လိုအပ်တာတွေကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မုန်တိုင်းအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကျန်းမာရေးဝန်ကြီးဌာနကို လာရောက်ပြီး မုန်တိုင်းအတွက် ပူးပေါင်းဆောင်ရွက်ရမယ့် အရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကုသသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ကလည်း မုန်တိုင်းအတွက် လိုအပ်တဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကို ကူညီပံ့ပိုးကြပါတယ်။

ဆေးတက္ကသိုလ်တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက အထူးကုဆရာဝန်တွေပါဝင်တဲ့ ဆေးအဖွဲ့ ၁၈ ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဆရာဝန်တွေခေါင်းဆောင်တဲ့ ဆေးကုသရေးအဖွဲ့ ၁၁ ဖွဲ့၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ ဆေးကုသရေးအဖွဲ့ ၁၆ ဖွဲ့၊ စိတ်ကျန်းမာရေး အထူးကုအဖွဲ့လေးဖွဲ့နဲ့ မျက်စိအထူးကုဆေးအဖွဲ့လေးဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွေက ဆရာဝန် သို့မဟုတ် ကျန်းမာရေးမှူးဦးဆောင်တဲ့ RRT အဖွဲ့ပေါင်း ၄၆ ဖွဲ့နဲ့ ဗဟိုမှ RRT ရှစ်ဖွဲ့ စုစုပေါင်း ၅၄ ဖွဲ့တို့ကို အဆင်သင့်ဖွဲ့စည်းပြီး မုန်တိုင်းသင့်ဒေသတွေကို စေလွှတ်နိုင်မယ့် အစီအစဉ်တွေ အလုည့်ကျ အချိန်ဇယား ကြိုတင်ရေးဆွဲထားခဲ့ပါတယ်။

အနောက်တိုင်းဆေးပညာအပြင် တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ Mobile Team တွေ ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ဗဟိုက ပြည်သူ့ကျန်းမာရေးအထူးပြုတွေ ပါဝင်တဲ့အဖွဲ့ကို ကြိုတင်စေလွှတ်ထားခဲ့တဲ့အပြင် ဆေးတက္ကသိုလ်-၁ (ရန်ကုန်)နဲ့ ဆေးတက္ကသိုလ်-၂ (ရန်ကုန်)တို့က အထူးကုဆရာဝန်တွေ ပါဝင်တဲ့ ဆေးအဖွဲ့နှစ်ဖွဲ့ကို ပြည်သူ့ဆေးရုံကြီး-စစ်တွေမြို့၊ ပြည်သူ့ဆေးရုံကြီး- ပြည်မြို့နဲ့ ဆေးတက္ကသိုလ်-မကွေးက အထူးကုတွေ ပါဝင်တဲ့ ဆေးအဖွဲ့တစ်ဖွဲ့ကို ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့ကို ကြိုတင်စေလွှတ်ထားခဲ့ပါတယ်။

မုန်တိုင်းအန္တရာယ် ကျရောက်နိုင်ခြေရှိတဲ့ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်တို့မှာ *စာမျက်နှာ ၁၁ သို့*





ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အထူးကုဆေးအဖွဲ့များက ပြည်သူများအား ဆေးကုသပေးစဉ်။

*စာမျက်နှာ ၁၀ မှ*

ဆေးနဲ့ဆေးပစ္စည်းတွေ ကြိုတင် ပို့ဆောင်ထားရှိပါတယ်။ Disaster Kits ၊ IHEK Kits၊ Hygiene Kits၊ ရေသန့်ဆေးပြား၊ ခာတ်ဆားထုပ်၊ ဗီတာမင်အားဆေး ၊ Life straw community water filter၊ အသက်ကယ်အင်္ကျီ၊ Emergency Light နဲ့ အိမ်သာခွက်နှင့် အိမ်သာပိုက် အစရှိတာတွေ ရခိုင်ပြည်နယ်ကို မုန်တိုင်းမတိုက်ခတ်မီကပင် ကြိုတင်ပို့ဆောင်ထားရှိခဲ့ပါတယ်။

အရေးပေါ်ဆေးဝါးတွေပါဝင်တဲ့ မြို့နယ်နဲ့ တိုက်နယ်ဆေးရုံသုံး Emergency Medicine Kit တွေ၊ Trauma Kit တွေကို သက်ဆိုင်ရာဆေးရုံတွေအလိုက် ကြိုတင်ပြင်ဆင်ထားရှိခဲ့တဲ့အပြင် အထူးကုဆေးအဖွဲ့တွေ ကွင်းဆင်းရာတွင် အသုံးပြုနိုင်မယ့် ဆေးဝါးတွေပါဝင်တဲ့ Tour Kit တွေ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေအတွက် Disaster Kit တွေကိုလည်း တစ်ပါတည်း အဆင်သင့်ပြင်ဆင်ထားပြီး ပို့ဆောင်ခြင်း၊ အရန်စုဆောင်းထားရှိခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

စက်သုံးဆီကြိုတင်စုဆောင်းစေတာ၊ အသုံးပြုနိုင်မယ့်အုပ်ချုပ်မှုယာဉ်၊ လူနာတင်ယာဉ် စာရင်းကြိုတင်စုဆောင်းကောက်ခံပြီး Mobilize လုပ်နိုင်အောင် စီစဉ်ဆောင်ရွက်တာတွေကို မုန်တိုင်းမတိုက်ခတ်မီ ဆောင်ရွက်ခဲ့ကြပါတယ်။

အဆောက်အအုံတွေရဲ့ ခံနိုင်ရည်ရှိမှုအပေါ်မူတည်ပြီး အဆင့်သုံးဆင့်ခွဲပြီး အန္တရာယ်ရှိနဲ့အသင့်အတင့် အဆောက်အအုံတွေက လူနာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေအား စိတ်ချရတဲ့ နေရာကိုရွှေ့ပြောင်းစေတာ၊ ဆေးရုံနဲ့ ကျန်းမာရေးဌာနအဆောက်အအုံတွေ ပျက်စီးမှုမရှိစေရေး နည်းပါးစေရေးအတွက် ထိခိုက်နိုင်တဲ့ သစ်ပင်သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနတွေမှာ ဆေးနဲ့ဆေးပစ္စည်းတွေ၊ စက်ပစ္စည်းတွေ (CT Scan၊ X-ray၊ Ultrasound စသည်)၊ မော်တော်ယာဉ်တွေ၊ ခာတ်ခွဲခန်းသုံးယာဉ်စသည်တို့ကို မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုမရှိစေရေးအတွက် ကြိုတင်ရွှေ့ပြောင်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုကြိုတင်ပြင်ဆင်မှုတွေ အားကောင်းခဲ့တဲ့အတွက် ကျန်းမာရေးဝန်ထမ်းတွေ ထိခိုက်သေဆုံးမှုမရှိခဲ့ပါဘူး။ ဆေးနဲ့ ဆေးပစ္စည်းတွေ၊ ဆေးရုံသုံးစက်ပစ္စည်းတွေ၊ ကာကွယ်ဆေးတွေလည်း ပျက်စီးဆုံးရှုံးမှု မရှိခဲ့ပါဘူး။ ကျန်းမာရေးလုပ်ငန်းတွေကို ရပ်တန့်မှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်ခဲ့ပါတယ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ(၂)တို့ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မေ ၈ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီကိုယ်စား အတွင်းရေးမှူးက အခြားကော်မတီတွေနဲ့ ပူးပေါင်းပြီး နေ့စဉ် လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ခဲ့တာ ယနေ့အထိ ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ အစီရင်ခံတင်ပြတာ၊ အခြားကော်မတီတွေနဲ့ ညှိနှိုင်းပြီး လုပ်ငန်းတွေဆောင်ရွက်တာ၊ အထူးသဖြင့် ဆေးနဲ့ ဆေးပစ္စည်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ရခိုင်ပြည်နယ်ကို တပ်မတော်လေယာဉ်တွေ၊ ပြည်တွင်းလေကြောင်းလိုင်းတွေ၊ ရေယာဉ်တွေနဲ့ ပို့ဆောင်တာတွေ၊ မုန်တိုင်းအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍ ပျက်စီးဆုံးရှုံးမှု စာရင်းတွေကို ကောက်ယူတာ၊ တင်ပြတာတွေကို ဆောင်ရွက်လျက် ရှိပါတယ်။

**မေး ။ ။ ဒီလိုကြိုတင်ပြင်ဆင်ရာမှာ ဝန်ထမ်းတွေနဲ့ လူနာတွေအတွက်စားနပ်ရိက္ခာနဲ့ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ဘယ်လိုဆောင်ရွက်ထားရှိတယ်ဆိုတာလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ဝန်ထမ်းတွေနဲ့ လူနာတွေအတွက် ရိက္ခာနဲ့ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် အနည်းဆုံးနှစ်ပတ်စာ သောက်ရေသန့်တွေ ကြိုတင်ဝယ်ယူထားခြင်း၊ သုံးရေကြိုတင် စုဆောင်းထားခြင်းနဲ့ ကော်ဖီထုပ်၊ ခေါက်ဆွဲခြောက်၊ မုန့်စတဲ့ စားသောက်စရာရိက္ခာတွေ ကြိုတင်ဝယ်ယူစုဆောင်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အခြားလိုအပ်ချက်တွေရှိခဲ့ရင် ဖြည့်ဆည်းပေးနိုင်ဖို့ ရခိုင်ပြည်နယ်နဲ့ မြို့နယ်တွေကို နိုင်ငံတော် ရန်ပုံငွေ ထပ်မံချထားပေးခဲ့တဲ့အတွက် စားရေရိက္ခာနဲ့ အခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ မုန်တိုင်းတိုက်ခတ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားရှိမှုကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ကျန်းမာရေးကဏ္ဍအနေနဲ့ မုန်တိုင်းတိုက်ခတ်ပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိရာ ဆေးကုသမှုပေးခြင်းအပါအဝင် ကျန်းမာရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှု၊ ကူးစက်ရောဂါ မဖြစ်အောင် ကာကွယ်ထိန်းချုပ်နိုင်မှု၊ ကိုဗစ်ရောဂါ ခာတ်ခွဲစစ်ဆေးပေးနိုင်မှု၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးနိုင်မှု၊ ကျောင်းကျန်းမာရေးဆောင်ရွက်နိုင်မှု၊ ပျက်စီးမှုတွေအတွက် ပြန်လည်ပြင်ဆင်နိုင်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

မုန်တိုင်းတိုက်ခတ်ပြီးတဲ့နောက် ကျန်းမာရေးကဏ္ဍအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ရပ်တန့်သွားမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မုန်တိုင်းပြီးပြီးချင်းမှာပဲ ကြိုတင်စေလွှတ်ထားတဲ့ အထူးကုဆေးအဖွဲ့တွေအနေနဲ့ ဒေသခံကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ မုန်တိုင်းသင့်ဒေသတွေဖြစ်တဲ့ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်မှာ ဆေးကုသမှုတွေကို ပါဝင်ဆောင်ရွက်ပေးနိုင်သလို ပြည်သူ့ကျန်းမာရေး အထူးပြုဗဟိုအားဖြည့်အဖွဲ့ကလည်း ကာကွယ်ဆေးတွေ ထားသိုနေရာမှာ လျှပ်စစ်မီး အဆက်မပြတ် ရရှိစေဖို့အပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပါတယ်။

ဒါ့အပြင် ဆေးတက္ကသိုလ်တွေက ကြိုတင်ဖွဲ့စည်းထားတဲ့ အထူးကုဆေးအဖွဲ့၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းက ဆေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်တွေက အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေ ရခိုင်ပြည်နယ်ကို အလှည့်ကျ စေလွှတ်ပြီး နယ်မြေခံကျန်းမာရေး ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ မောင်တောမြို့နယ်တွေမှာ ဆေးကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဒေသခံပြည်သူတွေကို ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေပေးခြင်း၊ ရေတွင်း၊ ရေကန်တွေကို ကလိုရင်းဆေးခတ်ခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးက စေလွှတ်ထားတဲ့ မျက်စိအထူးကုဆေးအဖွဲ့ကလည်း စစ်တွေမြို့မှာ မျက်စိကျန်းမာရေးစောင့်ရှောက်မှုနဲ့ မျက်စိခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကာကွယ်ဆေးတွေ အအေးလမ်းကြောင်းမပျက်ထိန်းသိမ်းနိုင်မှုဆန်းစစ်ဖို့နဲ့ အအေးလမ်းကြောင်းထိန်းသိမ်းတဲ့ ရေခဲသေတ္တာနဲ့ ဆက်စပ်ပစ္စည်းတွေ ပျက်စီးမှုကို ဆန်းစစ်ပြီး လိုအပ်ပါက ချက်ချင်းအစားထိုး လဲလှယ်တပ်ဆင်ပေးနိုင်ရေးအတွက် အင်ဂျင်နီယာအဖွဲ့ကို မုန်တိုင်းတိုက်ခတ်ပြီး ၄၈ နာရီအတွင်း တပ်မတော်လေယာဉ်နဲ့ ပို့ဆောင်ပေးနိုင်ခဲ့ပြီး လုပ်ငန်းတွေကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အအေးလမ်းကြောင်း ထိန်းသိမ်းတဲ့ ရေခဲသေတ္တာနဲ့ ဆက်စပ်ပစ္စည်းတွေ ပျက်စီးမှုရှိခဲ့ရင် အစားထိုးလဲလှယ်တပ်ဆင်နိုင်ဖို့ အအေးလမ်းကြောင်းထိန်းသိမ်းတဲ့ ရေခဲသေတ္တာနဲ့ ဆက်စပ်ပစ္စည်းတွေကို ရန်ကုန်မှ စစ်တွေမြို့ကို ရေယာဉ်တွေနဲ့ သယ်ဆောင်ပေးတဲ့အတွက် စစ်တွေမြို့ကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။

မိုခါမုန်တိုင်းတိုက်ခတ်ပြီး နောက်ရက်မှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဒဏ်သင့် စစ်တွေမြို့နယ် အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တွေကို သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ရေးနဲ့ ပျက်စီးသွားတဲ့ ဆေးရုံနဲ့ ကျန်းမာရေးဌာန၊ ဝန်ထမ်းအိမ်ရာတွေကို အမြန်ဆုံးပြုပြင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့အဖွဲ့က ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသတွေမှာ ကျန်းမာရေးကဏ္ဍဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်တာတွေကို ဖြည့်ဆည်းပေးခြင်း၊ ဝန်ကြီးဌာနကို အချိန်နဲ့တစ်ပြေးညီ တင်ပြဆောင်ရွက်ခြင်းနဲ့ စစ်တွေပြည်သူ့ဆေးရုံကြီးအပါအဝင် ဆေးရုံတွေ စဉ်ဆက်မပြတ် ပုံမှန်ပြန်လည်လည်ပတ်စေရေးအတွက် ကြီးကြပ်လျက်ရှိတဲ့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့ မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းတို့မှ ဆေးအဖွဲ့တွေက ဆေးကုသခြင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီအားဖြည့်ဆောင်ရွက်ခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ပါတယ်။

ဆေးရုံတွေမှာ စက်ပစ္စည်းတွေ ပျက်စီးမှုရှိပါက ပြင်ဆင်နိုင်ဖို့အတွက် အင်ဂျင်နီယာတွေကို စေလွှတ်ပြင်ဆင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် စစ်တွေပြည်သူ့ဆေးရုံကြီးမှာ လျှပ်စစ်မီးပုံမှန်ရရှိပြီး မီးစက်တွေ လည်ပတ်နိုင်တဲ့အပြင် 64 slice CT scan လည်း ပြုပြင်ပြီး ပြန်လည်အသုံးပြုလျက် ရှိပါတယ်။ မြောက်ဦးမြို့နယ်ပြည်သူ့ဆေးရုံရဲ့ ခာတ်မှန်စက်ကိုလည်း ပြုပြင်ပြီး အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် ထပ်မံလိုအပ်တာမရှိစေဖို့ ဆေးနဲ့ဆေးပစ္စည်းတွေကို တပ်မတော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အကူအညီနဲ့ ရေယာဉ်၊ လေယာဉ်တွေနဲ့ မုန်တိုင်းသင့်ရခိုင်ပြည်နယ်ကို အမြန်ဆုံး ပို့ဆောင်နိုင်ခဲ့ပါတယ်။ မုန်တိုင်းမတိုင်မီ ကြိုတင်ပြင်ဆင်မှု အားကောင်းခဲ့တာကြောင့် မုန်တိုင်းပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ချက်ချင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် မုန်တိုင်းတိုက်ခတ်တဲ့နေ့ ည ၁၀ နာရီမှာ ပြည်သူ့ဆေးရုံ ပေါက်တောမြို့မှာ ရိုးရိုးမွေးလူနာ ကလေးမွေးဖွားနိုင်ခဲ့ပြီး မနက် ၁ နာရီမှာ အရေးပေါ်ခွဲစိတ်မွေးဖွားမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စစ်တွေပြည်သူ့ဆေးရုံကြီးမှာ အသက်အန္တရာယ်ရှိတဲ့ သားအိမ်ပြင်ပ သန္ဓေတည်လူနာ (ectopic pregnancy)

*စာမျက်နှာ ၁၂ သို့*

# ပုဗ္ဗသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နယ်လှည့်ဖျော်ဖြေရေးနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၂၁

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နယ်လှည့်ဖျော်ဖြေရေးနှင့် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ မင်္ဂလာဒီပ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့က စီစဉ်သည့် နယ်လှည့်အသိပညာပေးနှင့် ဖျော်ဖြေရေး အစီအစဉ်များအဖြစ် နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် အကယ်ဒမီအုန်းသီး၊ လူရွှင်တော် ဒိန်းဒေါင်နှင့် ဝါသနာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေရာ ကျောင်းသားကျောင်းသူများက ပျော်ရွှင်စွာ အားပေးကြသည်။ (ယာပုံ)

ဆက်လက်၍ ပညာပေးဟောပြောပွဲကျင်းပရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ထုံးဘိုမြို့မရဲစခန်းမှ ဒုရဲမှူး မောင်မောင်သိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ရဲအုပ်အောင်လွင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ နေပြည်တော်တရားမျှတမှုစင်တာမှ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက မူးယစ်ဆေးဝါးပြစ်မှုများနှင့် ပတ်သက်သည့် ဥပဒေများကို ပညာပေးဟောပြောသည်။

မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် လူရွှင်တော် ဒိန်းဒေါင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝါသနာရှင်များက ခေတ်ပေါ်တီးဝိုင်းဖြင့် ကျောင်းသား ကျောင်းသူများအား တေးသီချင်းများ ဖျော်ဖြေတင်ဆက်ခြင်း၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများကို ပညာပေးဟောပြောသည်။



ထို့နောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဟောပြောပွဲ ကျင်းပရခြင်း၊ နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ချက်၊ အမှတ် (၁၀၁) မူးယစ်တပ်ဖွဲ့စု နေပြည်တော်မှ ရဲအုပ် မင်းသိန်းစိုးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းတို့ကို အသိပညာပေး ဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများသို့ တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစားကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူများအား အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

အရေးပေါ်ခွဲစိတ်တာကို မေ ၁၇ ရက် ညနေပိုင်းမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကင်ဆာဆေးကုဆောင်၌ Day Care Center ကို မေ ၁၈ ရက်မှာ စတင်ဖွင့်လှစ်ပြီး ကုသမှုပေးနေပြီဖြစ်တဲ့အပြင် ကျောက်ကပ်သန့်စင်ခြင်းကို မေ ၁၅ ရက်မှာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဆေးရုံ/ကျန်းမာရေးဌာန ပျက်စီးဆုံးရှုံးမှုတွေကို ကွင်းဆင်းစိစစ်ပြီး အမြန်ဆုံးပြုပြင် တည်ဆောက်နိုင်ရေးအတွက် ကုသရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)နဲ့ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က အင်ဂျင်နီယာတွေပါဝင်တဲ့အဖွဲ့တွေကို စေလွှတ်ထားရှိပါတယ်။ လိုအပ်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေကို ရေယာဉ်တွေနဲ့ အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိရာ သွပ်အချပ်ရေ ၂၈၀၀၊ ခေါင်အုတ်သွပ်နဲ့ သွပ်ရိုက်သံတို့ကို ပေးပို့ခဲ့ပါတယ်။

အခုလို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ၊ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းတွေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တာကလည်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မေ ၃၀ ရက်မှာ ရခိုင်ပြည်နယ် မြို့နယ်တွေက ပြည်သူ့ကျန်းမာရေး ကုသရေးဦးစီးဌာနမှူးတွေနဲ့ virtual တွေ့ဆုံပြီး လူနာတွေကို ဆေးရုံတွေမှာ ကျန်းမာရေး ပြုစုစောင့်ရှောက်နိုင်ဖို့၊ ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုတွေကို ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့၊ ပြည်သူ့ကျန်းမာရေးနဲ့ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှုတွေကို ဆက်လက်ထိန်းချုပ်ထားနိုင်ဖို့နဲ့ အဆောက်အအုံ ပြန်လည်ပြင်ဆင်ခြင်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတွေကို တိတိကျကျ လမ်းညွှန်မှာကြားခဲ့တာကြောင့် ဖြစ်ပါတယ်။

**မေး ။ ။ လူနာတွေကို ပြုစုကုသမှုပေးနိုင်တဲ့ အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးအပါအဝင် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းစတဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုတွေကိုလည်း သိရှိလိုပါတယ်။**



ပေါက်တောမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ရေပုံးအတွင်း ရေသန့်ဆေးရည်နမူနာခတ်ပေးစဉ်။

ဖြေ ။ ။ လက်ရှိမှာ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံတွေမှာ ဆေးရုံလုပ်ငန်းတွေ ပုံမှန်လည်ပတ်လျက်ရှိပြီး ခွဲစိတ်ကုသမှုလုပ်ငန်း၊ ပြင်ပလူနာ၊ အတွင်းလူနာတွေကို လက်ခံကုသပေးခြင်းတွေကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ တိုက်နယ်ဆေးရုံ ၅၉ ရုံမှာ မေ ၁၆ ရက်မှ ဇွန်၇ ရက်အထိ ပြင်ပလူနာအဖြစ် ၁၃၈၅၂ ဦး၊ နေ့စဉ်အတွင်းလူနာပျမ်းမျှ ၁၀၀၀ ကျော်ကို ကုသမှုတွေ ဆောင်ရွက်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအဖြစ် ၇၃၂၇ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေနဲ့ ဆေးရုံလုပ်ငန်း ရပ်တန့်မှု မရှိအောင် စီမံဆောင်ရွက်ခဲ့တာကြောင့် ရခိုင်ပြည်နယ်မှာ မေ ၁၅ ရက်မှာ အတွင်းလူနာပေါင်း ၅၀၀ ကျော်ကုသပေးခဲ့ရပြီး ဇွန်လဆန်းအထိ အတွင်းလူနာ ၁၂၀၀ ခန့်အထိ ကုသပေးနိုင်ပြီး ပုံမှန်အခြေအနေအတိုင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျေးလက်ဒေသတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာန၊ ဒါမှမဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒါမှမဟုတ် အထူးကုဆေးအဖွဲ့တွေ ကွင်းဆင်းကုသမှု ဒါမှမဟုတ် ရွေ့လျားဆေးပေးခန်း (Mobile Clinic) တွေက စောင့်ရှောက်မှုပေးနေပါတယ်။

ဒါကြောင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆေးပေးခန်း၊ အထူးကုအဖွဲ့နဲ့ RRT အဖွဲ့တွေက မေ ၁၆ ရက်မှ ဇွန် ၇ရက်အထိ ပြင်ပလူနာ ၅၇၃၈၃ ဦးကို ဆေးကုသမှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကိုဗစ်- ၁၉ ဓာတ်ခွဲစစ်ဆေးခြင်းတွေကို ဆောင်ရွက်နိုင်တဲ့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ဇွန် ၆ ရက်အထိ ၁၀၀၇၇ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ ပေးနိုင်ခဲ့ပါတယ်။ အရေးကြီးတဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ပုံမှန်ကာကွယ်ဆေးထိုးနှံမှုအနေနဲ့ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပုံမှန်နဲ့အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ လစဉ် ပထမရက်သတ္တပတ်မှာ ဆောင်ရွက်လျက်ရှိရာ မုန်တိုင်းသင့်ရခိုင်ပြည်နယ်မှာ ဇွန် ၁ ရက်မှ စတင်ပြီး ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းနဲ့ အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဆောင်ရွက်ခဲ့ရာမှာ ဇွန် ၇ ရက်အထိ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်အားလုံးမှာ ဆောင်ရွက်နိုင်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကူးစက်ရောဂါတွေ ဖြစ်ပွားလာပါက အလျင်အမြန်သိရှိစေရေးအတွက် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ် (Early Warning and Rapid Response)ကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အခြားကူးစက်ရောဂါတွေ ကပ်အသွင်ဖြစ်ပွားမှု မရှိကြောင်း ပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်မြို့နယ်တွေမှာ ဇွန် ၁ ရက် စာသင်ကျောင်းတွေ စတင်ဖွင့်လှစ်ချိန်မှာ မြို့နယ်အားလုံးရှိ စာသင်ကျောင်းတွေမှာ မုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတွေ မဖြစ်ပွားစေရေးအတွက် ကျောင်းအခြေပြုကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ၊ ကျောင်းတွင်းရေကောင်းရေသန့်ရရှိသုံးစွဲရေး၊ ယင်လုံအိမ်သာ စနစ်တကျ သုံးစွဲရေး၊ စနစ်တကျ လက်ဆေးခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ အာဟာရ ပြည့်ဝတဲ့ စားသောက်မှုပုံစံတွေကို ပညာပေးခြင်းစတဲ့ ကျောင်းအခြေပြု ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို Rapid Response Team နဲ့ ကျန်းမာရေးဝန်ထမ်းတွေက ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အများပြည်သူမှလှူဒါန်းတဲ့ ဆေးနှင့် ဆေးပစ္စည်းတွေကို မုန်တိုင်းသင့် ဒေသတွေမှာ ထိထိရောက်ရောက် အသုံးပြုလျက်ရှိရာ ဇွန် ၇ ရက်အထိ စုစုပေါင်း ဆေးနဲ့ ဆေးပစ္စည်း ၈၃ မျိုး၊ ခန့်မှန်းခြေတန်ဖိုး ၃၉၀ ဒသမ ၀၄၂၆၂၁ သန်း လက်ခံရရှိခဲ့ပါတယ်။

**မေး ။ ။ ရှေ့ဆက်လက် လုပ်ဆောင်သွားမယ့် လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသတွေမှာ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတွေ တစ်ဦးတစ်ယောက်မှ မကျန်ရှိစေဘဲ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ဆေးရုံ၊ကျန်းမာရေးဌာန အဆောက်အအုံတွေ ယခင်ထက် ပိုမိုကောင်းမွန်တဲ့ အဆောက်အအုံတွေအဖြစ် အမြန်ဆုံးပြုပြင်တည်ဆောက်ရေး၊ သဘာဝဘေးရဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာတွေ မပေါ်ပေါက်စေရေးနဲ့ ကူးစက်ရောဂါတွေ ကပ်အသွင်ဖြစ်ပွားမှု မရှိစေရေးတို့အတွက် အထူးအလေးထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။

## ပင်လယ်ရေအောက် တိုက်တန်းနစ်သင်္ဘော အပျက်အစီးများ ကြည့်ရှုလေ့လာရေးခရီးစဉ်အတွင်း ပျောက်ဆုံးသွားသော ရေငုပ်ယာဉ်ကို အချိန်လုရှာဖွေနေရ

**ဘော့စတွန် ဇွန် ၂၁**

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း နစ်မြုပ်နေသော ပင်လယ်ရေအောက် တိုက်တန်းနစ်သင်္ဘောအပျက်အစီးများကို ကြည့်ရှုလေ့လာရေး ခရီးစဉ်အတွင်း ပျောက်ဆုံးသွားသော ရေငုပ်ယာဉ်တစ်စင်းကို ကယ်ဆယ်ရေးသမားများက အချိန်လုရှာဖွေလျက်ရှိကြောင်း သိရသည်။

ဘော့စတွန်ရှိ အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိတစ်ဦးက ကယ်ဆယ်ရေးသမားများသည် နေ့မနား ညမအား ကြိုးစားရှာဖွေလျက်ရှိသော်လည်း လူငါးဦးတင်ဆောင်သွားသော အဆိုပါ ရေငုပ်ယာဉ်ကို မတွေ့ရှိသေးကြောင်း ဇွန် ၂၀ ရက် မွန်းလွဲပိုင်းတွင် သတင်းထောက်များအား ပြောသည်။

အမေရိကန်ကုမ္ပဏီ OceanGate မှ စီစဉ်ဆောင်ရွက်သော ထိုရေငုပ်ယာဉ်သည် ဇွန် ၁၈ ရက် နံနက်ပိုင်းက ကနေဒါနိုင်ငံ အရှေ့ပိုင်းမှ ထွက်ခွာခဲ့ပြီး ရေအောက် ငုပ်လျှိုးသွားပြီးနောက် နှစ်နာရီခန့် အကြာတွင် ထောက်ပံ့ရေး သင်္ဘောနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေငုပ်ယာဉ်သည် ရေအောက်တွင် ၉၆ နာရီကြာနေနိုင်သော်လည်း ယခုသတင်းစာရှင်းလင်းပွဲ ပြုလုပ်နေချိန်တွင် အောက်ဆီဂျင်ကျန်ရှိမှု နာရီ ၄၀ ခန့်သာ ရှိတော့ကြောင်း အရာရှိတစ်ဦးက ပြောသည်။ အမေရိကန်၊ ကနေဒါစစ်တပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့သည် လေယာဉ်၊ ကင်မရာနှင့် စက်ရုပ်လက်တံများ တပ်ဆင်ထားသော အဝေးထိန်း ရေအောက်ယာဉ်များဖြင့် ရေငုပ်ယာဉ်ရှာဖွေမှုများကို ဖြန့်ကြက်လုပ်ဆောင်နေကြောင်း သိရသည်။

၁၉၁၂ ခုနှစ်တွင် ဗြိတိန်မှ အမေရိကန်နိုင်ငံသို့ သွားရာလမ်းခရီး၌ နစ်မြုပ်သွားသော တိုက်တန်းနစ်သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာအလယ်ပိုင်း



ရေမျက်နှာပြင်အောက် မီတာ ၄၀၀၀ ခန့်အကွာ သမုဒ္ဒရာကြမ်းပြင်တွင် ရှိသည်။

နောက်ဆုံးရသတင်းများတွင် ကနေဒါရှာဖွေရေးယာဉ်က အတ္တလန္တိတ် သမုဒ္ဒရာအနက်ပိုင်းမှ အသံများကြားရကြောင်း ဖော်ပြထားသည်။

အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့ရေအောက်ယာဉ်တစ်စင်းက အသံကြားရာသို့ သွားရောက်စစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် မည်သည့်အရာမျှ မတွေ့ရှိကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**



လစ်ဗျားမြို့တော် ထရီပိုလီရှိ နေရပ်ပြန်လည်ပို့ဆောင်ရေးရုံးအပြင်ဘက်တွင် ဘတ်စ်ကားတစ်စီးဖြင့် တရားမဝင် ရွှေ့ပြောင်းအခြေချသူများ ပြန်ပို့ရန်ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

## လစ်ဗျားတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ဂျီးရီးယားသို့ ပြန်လွှတ်

**ထရီပိုလီ ဇွန် ၂၁**

လစ်ဗျားလူဝင်မှုကြီးကြပ်ရေးဌာနက တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီး ၁၆၅ ဦးကို ၎င်းတို့၏ မိခင်နိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံသို့ ပြန်လည်ပို့ဆောင်လိုက်သည်။

၎င်းတို့ထဲမှ တချို့မှာ လမ်းပေါ်တွင် တောင်းရမ်းစားသောက်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ တချို့မှာ ပုန်းအောင်းခိုနားရာနေရာများကို လိုက်လံရှာဖွေရင်း ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟိုင်သန် ဘယ်လ်ဂါဆန်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အနာဂတ်ကာလတွင် နောက်ထပ် နေရပ်ပြန်ပို့ဆောင်မှုများကို ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအခြေချနေထိုင်သူများအဖွဲ့က ယခုနှစ် လက်ရှိအချိန်အထိ တရားမဝင်ရွှေ့ပြောင်းအခြေချသူ ၇၄၇၇ ဦးကို ကယ်တင်ခဲ့ပြီး လစ်ဗျားသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း ပြောသည်။

နိုင်ငံအတွင်း မလုံခြုံမှုနှင့် ဝရုန်းသုန်းကား အခြေအနေများကြောင့် လစ်ဗျားမှတစ်ဆင့် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပကမ်းခြေများအထိ တရားမဝင် ရွှေ့ပြောင်းသွားရောက်သူများပြားလာခဲ့သည်။

**ဆင်ဟွာ**

## ပါလက်စတိုင်း ဟားမားစ်အဖွဲ့၏ ပစ်ခတ်မှုကြောင့် အစ္စရေးလေးဦး သေဆုံး

**ဂျေရုဆလင် ဇွန် ၂၁**

အနောက်ဘက်ကမ်းရှိ ဂျူးများ အခြေချနေထိုင်ရာနေရာတွင် ဇွန် ၂၀ ရက်က ပစ်ခတ်မှုဖြစ်ပွားပြီး အစ္စရေး လေးဦးသေဆုံးကာ နောက်ထပ် လေးဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ပစ်ခတ်မှုမှာ ပါလက်စတိုင်း ဟားမားစ်အဖွဲ့၏ အဖွဲ့ဝင်နှစ်ဦးက ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သေနတ်သမားများကိုလည်း အစ္စရေးလုံခြုံရေး အရာရှိများက လိုက်လံပစ်ခတ်ဖမ်းဆီးခဲ့သည်။ အနောက်ဘက်ကမ်းမြို့ဖြစ်သည့် ဂျီနင်မြို့တွင် အစ္စရေးတို့ ပြုလုပ်ခဲ့သည့် စီးနင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ယခုလို ပစ်ခတ်မှု ပြုလုပ်ခဲ့ရခြင်း ဖြစ်ကြောင်း ဟားမက်စ်တို့က ပြောသည်။

စစ်သွေးကြွများကို ရှာဖွေဖမ်းဆီးသည့် အစ္စရေးတို့၏ စီးနင်းတိုက်ခိုက်မှုအတွင်း ၁၅ နှစ်အရွယ် ပါလက်စတိုင်း ကလေးတစ်ဦး အပါအဝင် ၁၅ ဦး သေဆုံးခဲ့ရသည်။ ထို့ပြင် လူ ၉၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သိမ်းပိုက်ထားသည့် ပါလက်စတိုင်းနယ်မြေများတွင် ဂျူး အခြေချ နေထိုင်မှုများအပေါ် တင်းမာမှုများ ပိုမိုပြင်းထန်လာသည်။ အခြေချနေထိုင်မှုကို တိုးချဲ့ပြီး အိမ်ရာပေါင်း ၄၀၀၀ ကျော် ဆောက်လုပ်သွားရန် အစ္စရေးအစိုးရက ဇွန် ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

အနောက်ဘက် ကမ်းတွင် တင်းမာမှုများ မြင့်မားလာသည့်အပေါ် အမေရိကန်အစိုးရနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့က စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ပစ်ခတ်မှုဖြစ်ပွားသည့် နေရာကို တွေ့ရစဉ်။

## ၂၀၂၅ ခုနှစ်တွင် ကမ္ဘောဒီးယားသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုနှုန်း ကပ်ရောဂါမတိုင်မီကာလထက်ကျော်လွန်ရန် မျှော်မှန်းထား

**ဖနောင်ပင် ဇွန် ၂၁**

ကမ္ဘောဒီးယားနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာမှ ခရီးသွားဝင်ရောက်မှုနှုန်း ၂၀၂၅ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီကာလက အခြေအနေမျိုးထက်ပို၍ ကျော်လွန်မည်ဟု ခန့်မှန်းထားကြောင်း နိုင်ငံ၏ ခရီးသွားလာမှုဆိုင်ရာဝန်ကြီး သွန်ခွန်က ဇွန် ၂၁ ရက်တွင် ပြောသည်။

၂၀၂၃ ခုနှစ် ပထမငါးလတွင် နိုင်ငံခြားခရီးသွား ဝင်ရောက်မှုနှုန်းမှာ ၂ ဒသမ ၁၆ သန်းရှိသည်ဟု ဖနောင်ပင်မြို့တွင် နှစ်စဉ်ပြုလုပ်သည့် ညီလာခံ၌ ခရီးသွားလာရေးဝန်ကြီး သွန်ခွန်က ပြောသည်။ အချက်အလက်များအပေါ် အခြေခံ၍ ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၄ ဒသမ ၆ သန်း ဝင်ရောက်မည်ဟုခန့်မှန်းထားပြီး ၂၀၂၅ ခုနှစ်တွင် ခုနစ်သန်းအထိ ခရီးသွားဝင်ရောက်မှုနှုန်း မြင့်လာနိုင်သည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောသည်။

ကပ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၆ ဒသမ ၆ သန်းဝင်ရောက်ထားသည်။ ထိုနှစ်က ခရီးသွားလုပ်ငန်းမှ အခွန်ငွေ ၄ ဒသမ ၉၂ ဘီလီယံ ရရှိခဲ့သည်။ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာခြင်းသည် နိုင်ငံ၏ ကပ်ရောဂါကာလအလွန် စီးပွားရေးကို အထောက်အကူဖြစ်စေကြောင်း ၎င်းက ပြောသည်။ ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ ခရီးသွား ၈၀၀၀၀၀ နှင့် တစ်သန်းကြားကို ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်တွင် ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်မှု စိုးရိမ်စရာအခြေအနေဖြစ်

**မနီလာ ဇွန် ၂၁**

ဖိလစ်ပိုင်နိုင်ငံတွင် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုမှာ လျော့ကျလာပြီ ဖြစ်သော်လည်း စိုးရိမ်စရာ အခြေအနေဖြစ်နေဆဲဖြစ်သည်ဟု နိုင်ငံလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အေဂျင်စီက ဇွန် ၂၁ ရက်တွင် ပြောသည်။

နိုင်ငံသားမှတ်ပုံတင် အချက်အလက်များအရ ကလေးမွေးဖွားမှုမှာ တိုးလာသောကြောင့် အသက် ၁၅ နှစ်နှင့် ၁၉ နှစ်အကြား ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုမှာ စိုးရိမ်နေရဆဲဖြစ်သည်ဟု ကော်မရှင်၏ အကြီးအကဲဖြစ်သူ လီဆာဂရေ့စ်ဘာစလီက ပြောသည်။

ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုကို သုညရာခိုင်နှုန်းအထိရောက်အောင် မလုပ်နိုင်သေးသရွေ့ ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုကို လျော့ပါးသွားအောင် လုပ်ဆောင်ပေးရန် လိုအပ်သေးကြောင်း ၎င်းက ဆက်ပြောသည်။

၂၀၂၂ ခုနှစ် အချက်အလက်များအရ အသက် ၁၉ နှစ်အရွယ် ကိုယ်ဝန်ဆောင်မှုမှာ အမြင့်ဆုံးဖြစ်ပြီး ၁၃ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ အသက် ၁၈ နှစ်အရွယ် ကိုယ်ဝန်ဆောင်မှုမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အသက် ၁၇ နှစ်အရွယ်ကိုယ်ဝန်ဆောင်မှာ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြေထောက်ပဲ၊ ငှက်ပျောနှင့် ပြောင်းတင်ပို့နိုင်

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၁၉ မှ ၂၀ ရက်နေ့အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် မြေထောက်ပဲတန်ချိန် ၃၃ တန်၊ ဆန်ကွဲတန်ချိန် ၉၇ တန်၊ တစ်သျှူးငှက်ပျောတန်ချိန် ၆၄ တန်နှင့် ပြောင်းတန်ချိန် ၄၄ တန်တို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ၃၃၃ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ၂၉၆ ဒေါ်လာဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ထွန်စက်အရေအတွက် ၂၁ စီး၊ စပါးရိတ်စက် အရေအတွက် ငါးခု၊ မီးဖိုချောင်သုံးပစ္စည်းတန်ချိန် တန် ၆၃ ဒသမ ၂၀၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံပြားတန်ချိန် ၆၄ တန်၊ ပိတ်လိပ်တန်ချိန် ၄၉ တန်၊ ကုန်စုံ တန်ချိန် ၂၉ ဒသမ ၂၀ တန်၊ စက်နှင့် စက်ပစ္စည်း တန်ချိန် ၁၄ ဒသမ ၅၀ တန်၊ ဓာတ်မြေသြဇာ ၃၂ တန်၊ ဂျပ်စက္ကူတန်ချိန် ရှစ်တန်နှင့် ဂျပ်ဖာတန်ချိန် ၅ ဒသမ ၅၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် လေးဘီးထွန်စက် တစ်စီးလျှင် ဒေါ်လာ ၈၀၀၀၊ နှစ်ဘီး ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၆၀၀၊



စပါးရိတ်စက်တစ်စီးလျှင် ဒေါ်လာ ၁၀၄၀၀၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး Galvanized Iron Angle တစ်တန်လျှင် ၆၅၈ ဒေါ်လာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး Iron Sheet တစ်တန်လျှင် ၇၀၅ ဒေါ်လာ၊ ပိတ်လိပ် တစ်တန်လျှင် ၅၉၉ ဒေါ်လာ၊ ဓာတ်မြေသြဇာ တစ်တန်လျှင် ၃၅၁ ဒေါ်လာ၊ ဂျပ်စက္ကူ တစ်တန်လျှင် ဒေါ်လာ ၃၅၀ နှင့် ဂျပ်ဖာတစ်တန်လျှင် ၃၈၀ ဒေါ်လာဖြစ်သည်။ လွယ်ဂျယ်နယ်စပ် ဒေသငွေကြေး ဈေးကွက်အနေဖြင့် ဇွန် ၁ ရက်တွင် တစ်ယွမ်လျှင် ၄၁၃ ကျပ် ဖြစ်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် တစ်ယွမ်လျှင် ၄၁၈ ကျပ်ဖြစ်ရာ မြန်မာကျပ်ငွေဈေး အနည်းငယ် ကျဆင်းခဲ့ကြောင်း သိရသည်။

**DOCA (လွယ်ဂျယ်)**

## မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀-၆-၂၀၂၃ ရက်တွင် ပို့ကုန်တန်ဖိုးကန် ဒေါ်လာ ၁ ဒသမ ၀၉၁ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၀၇၉ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သန်း ၃ ဒသမ ၁၇၀ ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကဏန်း ၅၂ ဒသမ ၉၅ တန်၊ ငါးရှဉ့် ၅၃ ဒသမ ၈၈ တန်၊ ထောပတ်ပဲ ၁၀၂ တန်၊ ကြေးနီ ၃၃ ဒသမ ၈ တန်၊ သရက်သီး ၂၀၇ တန်၊ ဝါဂွမ်း ၄၉ ဒသမ ၀၅ တန်၊ ကြက်သွန်နီ ၂၈၇ တန်၊ ရော်ဘာ ၃၄ ဒသမ ၅ တန်၊ လျှော်ဖြူ ၂၄ ဒသမ ၅ တန်နှင့် နနွင်းတက် ၆၀ ဒသမ ၅ တန် တို့ဖြစ်သည်။


အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ သွပ်လိပ်၊ ဓာတ်မြေသြဇာ၊ ဆိုလာပြား၊ သံပိုက်၊ ဒီဇယ်မီးစက်၊ ဆိုလာမီးအားမြှင့်စက်၊ ဘက်ထရီ၊ ဓာတ်ဆီနှင့် ပီနံအိတ်ခွံတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၂၀ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၉ ဒသမ ၅၁၁ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃၉ ဒသမ ၃၂၄ သန်းဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၆၈ ဒသမ ၈၃၅ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၉၅ ဒသမ ၄၀၆ ကျပ်ဖြင့် တွက်ချက်ထားသည်။

၂၀-၆-၂၀၂၃ ရက်နေ့အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများ ဈေးနှုန်းမှာ ကဏန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၁၃ ဒသမ ၁၉၃ နှုန်း၊ ငါးရှဉ့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀၀ ဒသမ ၂၉၅ နှုန်း၊ ထောပတ်ပဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၅၂ ဒသမ ၂၂၂ နှုန်း၊ ကြေးနီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၀၀ ဒသမ ၆၀၆ နှုန်း၊ သရက်သီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၉ ဒသမ ၁၉၃ နှုန်း၊ ဝါဂွမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၄ ဒသမ ၄၆၂ နှုန်း၊ ကြက်သွန်နီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ ၅၅၃ နှုန်း၊ ရော်ဘာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၉ ဒသမ ၃၂၇ နှုန်း၊ လျှော်ဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၄၁ ဒသမ ၉၁၁ နှုန်းနှင့် နနွင်းတက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃၃ နှုန်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **DOCA (မူဆယ်)**

## ပဲတီစိမ်း(မိုး)အသစ်များ ဈေးကွက်ဝင်ရောက်၍ ဝင်သမျှအရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပဲဈေးကွက်သို့ ဇွန်လဆန်းပိုင်းမှစ၍ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လာခဲ့ရာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ပဲတီစိမ်းအသစ်များ ဝင်ရောက်မှုစောလာခဲ့ပြီး ပြည်မြို့အနီး ပတ်ဝန်းကျင်ရှိ ပေါင်းတလည်၊ ပေါက်ခေါင်း၊ မင်းတုန်းနှင့် ကံမမြို့နယ်များမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ပဲတီစိမ်း စတင်ပေါ်ချိန်ဖြစ်သည့်အတွက် တစ်ရက်လျှင် အိတ်ရေ (တစ်တင်းဝင်) (၂၀၀ / ၃၀၀ မှ ၄၀၀) ကျော် ဝင်ရောက်ခဲ့ပြီး ဈေးကွက်အနေဖြင့် မန္တလေး ဝယ်လက်များက အဓိကထား၍ ဝယ်ယူခဲ့ခြင်းကြောင့် ဝင်လာသမျှ ပဲတီစိမ်းအသစ်များ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ပဲတီစိမ်းသီးနှံမှာ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများကဲ့သို့ ပဲဈေးကွက်၌ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်နေခြင်းမဟုတ်ဘဲ ပဲထွက်ပေါ်ချိန်၌သာ ရောင်းဝယ်မှုအဖြစ်များသည့် ပဲသီးနှံဖြစ်ရာ ဈေးနှုန်းအနေဖြင့် ပဲတီစိမ်းအသစ် ပိဿာချိန် ၂၀ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူကြကြောင်း သိရသည်။ **DOCA (ပဲခူး)**



### ၂၁- ၆-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၉၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၀၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၆၀၀ | ၉၅၀၀ | ၆၆၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၇၆၀၀ | ၇၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၇၅၀၀ | ၈၀၀၀ | ၄၄၀၀ | ၉၅၀၀ | ၇၅၀ | ၇၈၀၀ | ၆၀၀၀ | ၄၇၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၃၅၀ | ၂၉၅၀ | ၁၅၀၀၀ | ၇၂၀၀ | ၂၀၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၆၇၀၀ | ၁၉၀၀၀ | ၂၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၄၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၆၇၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၃၅၀၀ | ၆၇၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၅၀၀ | ၇၅၀၀ | | ၈၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၉၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၂၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် တောင်ကြီးတွင် ကျပ် ၂၀၀၊ မန္တလေးတွင် ကျပ် ၄၀၀၊ ပဲဆီ တစ်ပိဿာလျှင် ဟားခါးတွင် ကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်နှင့် ပုသိမ်တွင် ကျပ် ၁၀၀၀၊ စစ်တွေတွင် ကျပ် ၅၀၀ ၊ ကြက်သွန်နီ တစ်ပိဿာလျှင် လှိုင်ကော်တွင် ကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လှိုင်ကော်နှင့် မြိတ်တွင် ကျပ် ၅၀၀၊ ပုသိမ်တွင် ကျပ် ၁၀၀၀ ၊ (ကြူကုတ်စ) တစ်ပိဿာလျှင် လှိုင်ကော်နှင့် ပခုက္ကူတွင် ကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် ကျိုင်းတုံ၊ စစ်တွေ၊ ပခုက္ကူနှင့် ပဲခူးတွင် ကျပ် ၅၀၀၊ တောင်ကြီးတွင် ကျပ် ၂၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ကျပ် ၃၀၀၊ လှိုင်ကော်တွင် ကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ကျပ် ၃၀၀၊ လှိုင်ကော်တွင် ကျပ် ၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၂၀၀၊ ထားဝယ်တွင် ကျပ် ၁၀၀၊ ပုသိမ်တွင် ကျပ် ၅၀၀၊ သကြားတစ်ပိဿာလျှင် ပုသိမ်တွင် ကျပ် ၃၀၀၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၁၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လှိုင်ကော်တွင် ကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် မြိတ်နှင့် ထားဝယ်တွင် ကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၃၀၀၊ ချင်းတစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၁၀၀၀၊ မန္တလေးတွင် ကျပ် ၅၀၀၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ကျပ် ၁၀၀၀၊ အမဲသား တစ်ပိဿာလျှင် ဟားခါးတွင် ကျပ် ၁၀၀၊ ဆိတ်သား တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်း တွေ့ဆုံ

## သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းအပေါ်သက်ရောက်မှုရှိပြီး မတရားအခကြေးငွေတောင်းခံခြင်း မပြုလုပ်ကြရန်ပြောကြား

ဘားအံ ဇွန် ၂၁

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းတို့ တွေ့ဆုံသည့် အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။ (ယာပုံ)



### တရားမဝင် လူ၊ ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းမပြုကြရန်

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်နှင့် နိုင်ငံအနှံ့ ဆက်သွယ်သွားလာရာတွင် အချိန်တိုအတွင်း လျင်မြန်ချောမွေ့စွာကူးလူးဆက်ဆံသွားလာနိုင်ရေးအတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိပြီး မတရားအခကြေးငွေ (တန်ဆာခ)တောင်းခံခြင်း မပြုလုပ်ကြရန်၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင် လူ၊ လက်နက်/ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းမပြုကြရန်နှင့် တရားမဝင်ကုန်စည်စီးဆင်းမှုကြောင့် တိုင်းပြည်၏စီးပွားရေး ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် တက်ရောက်လာသော မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းမှ ယာဉ်လိုင်းများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က တရားမဝင် ယာဉ်လိုင်းနှင့် ကုန်ပစ္စည်းများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ပြည်နယ်အခြေစိုက် မော်တော်ယာဉ်လိုင်းများနှင့် ရပ်ဝေးမှ လာရောက်ပြေးဆွဲသည့် မော်တော်ယာဉ်လိုင်းများ ပြေးဆွဲရာတွင် ကြုံတွေ့နေရသည့် အခြေအနေများ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်က ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က ပြည်နယ်အတွင်း ပြေးဆွဲနေသော ပို့ဆောင်ရေးယာဉ်အသင်းများ၊ ယာဉ်အသင်းများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပညာပေး၊ စစ်ဆေး၊ အရေးယူဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်း ဥက္ကဋ္ဌနှင့် တက်ရောက်လာသော မော်တော်ယာဉ်အသင်းများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ခရီးသွားလုပ်ငန်းဆိုင်ရာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်

အလားတူ ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) ၌ ကျင်းပရာ ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ဒေသအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာများကို အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည်များကို ညှိနှိုင်းအကောင်အထည်ဖော်ခဲ့ကြရာတွင် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ နယ်မြေအခြေအနေအရ ခရီးသွားလုပ်ငန်းတွင် အကန့်အသတ်ရှိနေသေးပြီး တည်ငြိမ်အေးချမ်းသွားပါက ပို၍ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်အချို့ ကိုဗစ်ချေးငွေအား ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးသည့်အတွက် တွန်းအားပေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအသင်းသားအဖြစ် လျှောက်ထားနိုင်ရေးနှင့် အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုရမည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးပေးကြရန် ပြောကြားပြီး ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံက ယခင်အပတ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် (၆/၂၀၂၃) အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုရမည့် ကိစ္စရပ်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်အသုံးပြုနိုင်ရေးဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အစည်းအဝေးအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်က Enchanting Myanmar Protocol အစီအစဉ်အရ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား ကိုဗစ်-၁၉ Save Service တံဆိပ်များ စနစ်တကျ ပေးအပ်နိုင်ရေး National Level အဆင့် အသိအမှတ်ပြုတံဆိပ်အတွက် အွန်လိုင်းမှ လျှောက်ထားရရှိခဲ့သော ဟိုတယ် နှစ်လုံးအား အသိအမှတ်ပြု တံဆိပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၁

**အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



### အွန်လိုင်းမှတက်ရောက်

အစည်းအဝေးသို့ အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သတင်းရဲတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

### နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်

ရှေးဦးစွာ အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌက နည်းပညာတိုးတက်လာမှုနှင့်အတူ တရားမဝင် ခိုးယူဖြန့်ချိမှုများကြောင့် ငွေကြေး အကုန်အကျခံကာ ရိုက်ကူးထုတ်လွှင့်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ အနုပညာရှင်များမှာ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေရပါကြောင်း၊ အနုပညာဖန်တီးမှုများကို မူပိုင်ခွင့်ရရှိသူများထံမှ ခိုးယူ၍ သမားရိုးကျနည်းလမ်းဖြင့်သော်လည်းကောင်း၊ အွန်လိုင်း ပလက်ဖောင်းများမှလည်းကောင်း ထုတ်လွှင့်ဖြန့်ချိသူများကို အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး အဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး စီမံဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ မြန်ဆန်ထိရောက်သည့် အရေးယူမှုများကို ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### အကြံပြုဆွေးနွေးတင်ပြ

ထို့နောက် တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ တက်ရောက် လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

## ကော့မှူးမြို့နယ်၌ သမဝါယမအသင်းများအား သွင်းအားစုများပေးအပ်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားများသို့ သွင်းအားစုပေးအပ်ပွဲကို ဇွန် ၁၉ ရက်က ထန်းတပင်ကျေးရွာ လူထုအခြေပြုခန်းမ၌ ကျင်းပသည်။

အဆိုပါ သွင်းအားစုပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် သမဝါယမအသင်းသားများ တက်ရောက်ကာ အောင်နိုင်သစ္စာကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလေးသင်းမှ အသင်းသား ၁၆၇ ဦး၊ မိုးစပါးစိုက်ဧက ၁၈၄၃ ဧကအတွက် ငွေကျပ်သန်း ၃၆၈ ဒသမ ၆၀ နှင့်ညီမျှသော သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဇွန်  ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင် (၁) ရပ်ကွက်နေ ကေစင်မိုးဝေသည် ၎င်းအသုံးပြုသည့် “Kay Zin Moe” TikTok အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ချင်းစုရပ်ကွက်နေ စွမ်းထက်နိုင်နှင့် ဇေယျာတိုးချဲ့ရပ်ကွက်နေ ရွှေစင်ဝင်းတို့သည် “Shwe Sin Win” Facebook အကောင့်၊ ရေဦးမြို့နယ် အောင်ဆန်းရပ်ကွက်နေ ကျော်လင်းအောင် (ခ) ဖိုးလုံးသည် ၎င်းအသုံးပြုသည့် “Kyaw Linn Aung” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မြရာချောင်းကျေးရွာနေ သားဖြူ နှင့် အေးသာယာကျေးရွာနေ ထက်ထက်နိုင် (ခ) ဖိုးတာတို့သည် ၎င်းတို့အသုံးပြုသည့် “Thar Phyu” Facebook အကောင့်၊ “Htet Htet Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရေကင်းကျေးရွာနေ ချိုချိုမာသည် ၎င်းအသုံးပြုသည့် “Cho Cho Mar” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ စုဝေဖြိုးသည် ၎င်းအသုံးပြုသည့် “Su Wai Phyo”Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာသစ်ရပ်ကွက်နေ ကျော်သူ (ခ) မိုဟန်သည် ၎င်းအသုံးပြုသည့် “Kyaw Thu” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်နေ နောင်ပြည်ဖြိုး (ခ) နောင်ကြီးသည် ၎င်းအသုံးပြုသည့် “Naung Pyae Phyo” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စမ်းကြီးရပ်ကွက်နေ သီတာလှိုင် (ခ) သမီးထွေးသည် ၎င်းအသုံးပြုသည့် “Thida” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မြင့်မြင့်အေးသည် ၎င်းအသုံးပြုသည့် “Myint Myint Aye” Facebook အကောင့်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၉) ရပ်ကွက်နေ မြကေခိုင်သည် ၎င်းအသုံးပြုသည့် “Kiti Khine” Facebook အကောင့်၊ သဃ်န်းကျွန်းမြို့နယ် (က) ရပ်ကွက်နေ ဆုမြတ်ထွန်း (ခ) ဂျူးဂျူးသည် ၎င်းအသုံးပြုသည့် “Jue Jue” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ ဝင်းစန်း၊ စိုးစိုး၊ သင်းသင်းစိုး၊ မီးမီး၊ ညွှန့်ညွှန့်လှိုင်တို့ ငါးဦးသည် “Hein Min Soe” TikTok အကောင့်၊ ကျောင်းကုန်းမြို့နယ်နေ စုမွန်လှိုင်၊ ခင်စောငြိမ်း (ခ) မှုံမှုံ၊ သန္တာကျော်(ခ)မိခို၊ နှင်းနွယ်စိုး(ခ) မနှင်း၊ အေးအေးချော(ခ)အိပုံနှင့် ယုယုနိုင်(ခ)မယုတို့ ခြောက်ဦးသည် ၎င်းတို့အသုံးပြုသည့် “Su Mon Hlaing” Facebook အကောင့်၊ “Khin Saw Nyein” Facebook အကောင့်၊ “Thandar Kyaw” Face-book အကောင့်၊ “Ma Hinn” Facebook အကောင့်၊ “Aye Aye Chaw” Facebook အကောင့်၊ “Ma Yu” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက်နေ မိုးမိုးခိုင်(ခ) မို့မို့ခိုင်သည် ၎င်းအသုံးပြုသည့် “Moe Moe Khine” Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ပန်းအိနွယ်သည် ၎င်းအသုံးပြုသည် “Pan Ei Nwe” Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ အားဆိုင်၊ ပြည့်စုံအောင်နှင့် ချစ်ဖူးဝေတို့သည် ၎င်းတို့အသုံးပြုသည့် “Ah Saing” Facebook အကောင့်၊ “Pyae Sone Aung” Facebook အကောင့်၊ “Chit Phoo Wai” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော်  ဇွန်  ၂၁**

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ငါးသေတ္တာ၊ ပဲနီလေး၊ နှစ်ပြန်ကြော်၊ ခေါက်ဆွဲခြောက်၊ ခရမ်းချဉ်သီး စသည့်အခြေခံစားသောက်ကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း ၂ ဒသမ ၇ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် (လေ) မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော် (လေ) မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၆ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၃၉၃ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ရရှိသည့်ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော်  ဇွန်  ၂၁**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မအေးအေးမော် (ခ) မော်ကြီးက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ မ---၊ ၂၁/၂၀၂၀ နှစ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်းငွေကျပ် (၃/၄) သိန်းရမည်ဟု ပြောဆိုစည်းရုံးကာ အဆင့်ဆင့်ခေါ်ဆောင်၍ တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ငွေကြေး အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေ ရဲစခန်း(ပ) ၁၄၈၆/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၃၁ ရက်တွင် တရားခံ မအေးအေးမော်(ခ)မော်ကြီး ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို လိမ်လည်ခေါ်ယူ၍ တရုတ်အမျိုးသားများနှင့် အဓမ္မလိင်ဆက်ဆံရန် ခိုင်းစေခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော်  ဇွန်  ၂၁**

အမျိုးသမီးတစ်ဦးကို လိမ်လည်ခေါ်ယူ၍ တရုတ်အမျိုးသားများနှင့် အဓမ္မလိင်ဆက်ဆံရန် ခိုင်းစေခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နေ မခင်ဇာဇာလွင်က လယ်ဝေးမြို့နယ်နေ မ---၊ ၃၄/၂၀၂၂ နှစ်ကို တာချီလိတ်မြို့ရှိ လောင်းကစားရုံတွင် တစ်လလျှင် ဘတ် ၄၅၀ ဖြင့် သန့်ရှင်းရေး အလုပ်သမား လုပ်ရမည်ဟု လိမ်လည်ခေါ်ယူ၍ တရုတ်အမျိုးသား သုံးဦးနှင့် အတင်းအဓမ္မ လိင်ဆက်ဆံရန် ခိုင်းစေခဲ့သဖြင့် မိတ္ထီလာမြို့ အမှတ် (၃) နယ်မြေရဲစခန်း (ပ) ၅၅/၂၀၂၂၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ပြီး မိတ္ထီလာခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၀ ရက်တွင် တရားခံ မခင်ဇာဇာလွင်ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၃-၂၀၂၄) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (၃)မှ တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၆-၂၀၂၃ရက်မှ ၄-၇-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (၃)၊ ကျိုင်းတုံမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၄-၇-၂၀၂၃ရက်၊ ၁၆:၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၇-၇-၂၀၂၃ရက်၊ ၁၀:၀၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကြီးကြပ်ရေး အဖွဲ့၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၅၂၈၈၂၈၄၊ ၀၉-၄၂၈၀၀၀၁၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၃-၂၀၂၄)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(၃)မှ ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၆-၂၀၂၃ရက်မှ ၄-၇-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့-၃၊ ကျိုင်းတုံမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၄-၇-၂၀၂၃ရက်၊ ၁၆:၀၀နာရီ

(ဃ) **တင်ဒါ ဖွင့်လှစ်မည့်ရက်/အချိန်** - ၅-၇-၂၀၂၃ ရက်၊ ၁၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကြီးကြပ်ရေးအဖွဲ့၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၅၂၈၈၂၈၄၊ ၀၉-၄၂၈၀၀၀၁၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် အ.ထ.က မြို့မကျောင်း Grade-6(B) တွင် ပညာသင်ကြားနေသော မပြည့်ဖူးဇော်၏ ဖခင် အမည်မှန်မှာ ဦးဇော်လင်း ၇/ နတလ(နိုင်) ၁၀၅၄၇၃ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဟိန်းသီဟဇော် ၉/မထလ (နိုင်) ၃၇၇၈၃၀ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၀ ၅၇၆ ၃၃၃

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးမျိုးသူအောင် ၈/ခမန(နိုင်) ၁၆၁၆၇၈ ၏ သမီး မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် အထက(ကပစ-22) Grade-5 မှ မအေးငြိမ်းသူ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၄-၃-၂၀၁၂ ဖြစ်ပါကြောင်း။

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၈၂၈ ၁/၂ က)၊ မြေရေိယာ(၂၀x၆၀)ပေ၊ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၈၂၈(က)၊ မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် (၂)ထပ်အုပ်ညှက်အဆောက်အအုံ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင်ဒေါ်တင်ကြည်နှင့် ၎င်း၏ ခင်ပွန်းတို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်၅၃၈၉/၂၀၂၃ ဖြင့် ပိုင်ဆိုင်လာသူများထံမှ (၆-၆-၂၀၂၃) ရက်စွဲပါ နှစ်ဖက်သဘောတူမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ် စတုတ္ထအရစ် စရန်ပေးစာချုပ်ဖြင့် ပြန်လည်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုလာသူ ဦးသိန်းဝင်း (ဘ)ဦးဖိုးစိန် ၁၂/သဃက(နိုင်)၁၄၉၅၂၉ အိမ်အမှတ်(၄၅၆)၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ မြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)
အမှတ် ၁၂၊ ၂ လမ်း၊အရှေ့ကြို့ကုန်း၊အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၁၄၃၃

**ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)
အမှတ်-၁၂၊ ၂ လမ်း၊အရှေ့ကြို့ကုန်း၊အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၈၈၃၃၀

## အငြိမ်းစားသက်ကြီးရွယ်အိုဘိုးဘွားများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၀၀၀ ကျော်တို့ကို စတုဒိသာလှူဒါန်း

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာငွေလာရောက်ထုတ်ယူကြသည့် အငြိမ်းစားသက်ကြီးရွယ်အို ဘိုးဘွားများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၀၀၀ ကျော်တို့ကို ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစုက လစဉ် စတုဒိသာ လှူဒါန်းလျက်ရှိရာ လှူဒါန်းမှု (၁၂) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပြီး ယနေ့တွင် မော်လမြိုင် မုန့်ဟင်းခါး စတုဒိသာနှင့် သောက်ရေသန့်များ ကုသိုလ်ပြုလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပင်စင်စားဘိုးဘွားများအတွက် ရင်တွင်းစာနာစိတ်၊ တတ်နိုင်သမျှ ဖေးမကူညီလိုသောဆန္ဒဖြင့် စတင်လှူဒါန်းခဲ့သည့် တစ်လတစ်ကြိမ် မေတ္တာပေးလှူဖေးမကူ စတုဒိသာအလှူကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဆုလာဘ်ပိုင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဘို ထံမှ သိရသည်။

**ဟန်နီ**



## လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် ဇွန် ၂၁** - အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger, 60 KW) ၁၀ ခုသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**

## အိုက်စလန်ကို အနိုင်ရရှိသည့်ပွဲစဉ်တွင် နိုင်ငံတကာပွဲ ၂၀၀ ပြည့်ပြီး ဂင်းနစ်ကမ္ဘာ့စံချိန်တင်လက်မှတ် စီရော်နယ်ဒို ချီးမြှင့်ခံရ

ယူရိုခြေစစ်ပွဲစဉ် (၄) မှ ဇွန် ၂၁ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အိုက်စလန်နှင့် ပေါ်တူဂီ အသင်းတို့ပွဲစဉ်တွင် ပေါ်တူဂီအသင်းက စီရော်နယ်ဒို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် အဆိုပါ ပွဲစဉ်တွင် နိုင်ငံတကာပွဲပေါင်း ၂၀၀ ပြည့်သည့် ပထမဆုံးအမျိုးသားအားကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပြိုင်ပွဲမစတင်မီတွင် ဂင်းနစ်ကမ္ဘာ့စံချိန်တင်လက်မှတ် ချီးမြှင့်ခံခဲ့ရသည်။ ၂၀၀၃ ခုနှစ်က ပေါ်တူဂီအသင်းအတွက် ပွဲဦးထွက်ကစားခွင့်ရရှိခဲ့သည့် အယ်နာဆာတိုက်စစ်မှူး စီရော်နယ်ဒိုသည် ကူဝိတ်တိုက်စစ်ကစားသမား ဘာဒါ အယ်တာဝါ စံချိန်တင်ထားသော နိုင်ငံတကာပွဲအများဆုံး အရေအတွက် ၁၉၆ ပွဲကို မတ်လတွင် ကျော်ဖြတ်ခဲ့သည်။

အသက် ၃၈ နှစ်အရွယ်ရှိ စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် အီနာစီယို၏ ဖန်တီးမှုမှတစ်ဆင့် အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးကြောင့် စီရော်နယ်ဒိုသည် နိုင်ငံတကာသွင်းဂိုး ၁၂၃ ဂိုးအထိ ရှိလာပြီဖြစ်သည်။

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သောကြောင့် ပေါ်တူဂီအသင်းသည် အမှတ်ပေးဇယားတွင် လေးပွဲကစားလေးပွဲစလုံးအနိုင်ရကာ အုပ်စုထိပ်၌ ဦးဆောင်လျက်ရှိသည်။

**အောင်ဇော်**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၈၀ ကျပ် | ၂၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅ ကျပ် | ၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၅ ကျပ် | ၂၁၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၄၉၁ | ၃၉၂၀၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၃၇၄ | ၆၈၈၄၆၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၆ | ၄၃၂၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၀၃၂၄ | ၁၆၉၈၆၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၀၀ | ၂၄၀၀၀၀ |
| EFR | ၂၄၅၀ | ၂၅၀၀ | ၅၅၀ | ၁၃၇၀၀၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၁၇ | ၁၀၄၁၆၀၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများ အတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါရဂူသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူ(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) Ph.D(Medical Laboratory Technology) | (၃)နှစ် |
| (ခ) | ပါရဂူ(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) Ph.D(Physiotherapy) | (၃)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်ခွဲနည်းပညာ) M.Med. Tech(Medical Laboratory Technology) | (၂)နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) M.Med. Tech(Medical Imaging Technology) | (၂)နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ခန္ဓာသန်စွမ်းမှုနည်းပညာ) M.Med. Tech(Physiotherapy) | (၂)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာအသံလွန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ Diploma in Diagnostic Medical Sonography | (၁)နှစ် |

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့သင်တန်းအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဂ) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းအတွက် သက်ဆိုင်ရာ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဃ) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းအတွက် လုပ်ငန်း စတင်ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့ အထိ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) မဟာသိပ္ပံသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဇ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် မဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ်နှင့် ဆေးဘက်ဆိုင်ရာနည်းပညာ ဒီပလိုမာဘွဲ့ရရှိပြီးပါက အနည်းဆုံး(၂)နှစ်၊ နိုင်ငံ့ဝန်ထမ်း အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) သတ်မှတ်ထားသောသင်တန်းကာလကိုအချိန်ပြည့်တက်ရောက် နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ၄-၈-၂၀၂၄ရက်(သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီး အမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ထိုကဲ့သို့ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ ကြိုတင် မိတ္တူတစ်စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် သို့ ပေးပို့လျှောက်ထားရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။

၆။ (က) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက် ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

(ခ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရ စာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင် ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေး ငွေကို ပေးလျော်ရမည်ဖြစ်ပါသည်။

၇။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေး ရွေးချယ်ပါမည်။

ပါရဂူသင်တန်းကို ၅-၁၀-၂၀၂၄ ရက် (ကြာသပတေးနေ့)၊ မဟာသိပ္ပံ သင်တန်းနှင့် ဒီပလိုမာသင်တန်းကို ၆-၁၀-၂၀၂၄ ရက် (သောကြာနေ့) တို့တွင် ကျွမ်းကျင်ဘာသာရပ်ရေးဖြေစာမေးပွဲများကို စစ်ဆေး ပါမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)တွင် ဖွင့်လှစ် ထားသော ငွေစာရင်းအမှတ် MD-၀၁၁၆၇၀ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့ စီးပွားရေးဘဏ် (အင်းစိန်)တွင် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ငွေစာရင်းအမှတ်- MD-၀၁၁၆၇၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၉။ လျှောက်လွှာခေါ်ယူသည့်ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)ဖုန်းနံပါတ်(၀၁-၃၆၄၅၇၅၃၊ ၀၁-၃၆၄၅၇၄၆)သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်၏ Website(www.umty.gov.mm) သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် ပစ္စည်းများဝယ်ယူခြင်း တင်ဒါ များအား (DDP At Site) (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့် တင်ဒါများ ခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No. 37(Re-T)/ EPGE(REHP)/ 2023-2024 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၈)ရုံအတွက် UPS, Computer System Unit, HMI & Communication Manager များ စသည့် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၂)မျိုး ဝယ်ယူခြင်း။ |
| (ခ) | Tender No. 38(Re-T)/ EPGE(REHP)/ 2023-2024 | သဖန်းဆိပ်၊ အထက်ပေါင်းလောင်းနှင့် မြို့ကြီးဓာတ်အားပေး စက်ရုံများတွင် အသုံးပြုရန်လိုအပ်သော စက်မှုပိုင်းဆိုင်ရာ စက်အရံ ပစ္စည်း(၄)မျိုးဝယ်ယူခြင်း။ |
| (ဂ) | Tender No. 39(T)/ EPGE(MP)/ 2023-2024 | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းတွင် အသုံးပြုရန်အတွက် Air Conditioner (၃)မျိုးဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့် ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီ ချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၄-၇-၂၀၂၄ ရက်၊ (၁၃:၀၀)နာရီ

၄။ တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံအား ၂၁-၆-၂၀၂၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာ ထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၆၇-၈၁၀၄၂၇၉)**

## ဖခင်အမည်မှန်

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အမက (၁၈)တွင် ပညာသင်ကြား နေသော မောင်ကျော်ဇင်ဝင်း Grade-2(B) မှ ကျောင်းသား၏ ဖခင်အမည်မှန်မှာ ဦးဆာယာပရာကတ် ၇/ဖမန(နိုင်)၁၈၃၈၆၈ ဖြစ်ပါကြောင်း။

**ဦးဆာယာပရာကတ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အရှေ့ဆင်အုပ်စု၊ နောင်ချိုကျေးရွာမှ မပွင့်ဦးခင်နှင့် အထက-အရှေ့ဆင်ကျောင်း G-10မှ မောင်ဝေလင်းဖြိုး တို့၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆွေ ၇/တငန(နိုင်)၁၃၂၄၁၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက(မိုးညို) Grade-10 မှ မအေးသက်ဆု၏ ဖခင် ဦးသန်းဇော် ၇/မညန(နိုင်)၀၅၂၄၅၂ ၏ အမည်မှန်မှာ ဦးသန်းဇော်ထိုက် ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ထိုက်**
**၇/မညန(နိုင်)၀၅၂၄၅၂**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အထက (မကျီးကွင်း) Grade-12 မှ မနုနုဝင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၇/လပတ(နိုင်)၀၇၇၆၁၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/6732 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စိုးဝင်း ၉/ညဥန (နိုင်)၀၀၃၇၄၀က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုထွန်းနိုင်အောင် (ဘ) ဦးသိန်းရွှေ ၉/ပဗသ(နိုင်) ၀၁၂၅၆၂ ၏ နိုင်ငံကူးလက်မှတ် (MG 123080)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀ ၇၁၂ ၆၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဇင်ကျော် (ဘ) ဦးဆန်းညွန့် ၉/တကန(နိုင်) ၂၀၆၃၂၈၏ နိုင်ငံကူးလက်မှတ် (MG 228130)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၃ ၅၉၉ ၄၆၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4120 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်းအမှတ်/အမည် RA-I/ကွက်ပြင်-၁၊ ဦးပိုင်အမှတ်(၇၂)အတွင်းမှ မြေဧရိယာ ၀ဒသမ ၁၂၈ကေ(၈၀x ၇၀)ပေအကျယ်အဝန်းရှိ ဂရန်အိမ်နှင့် မြေကွက်အား မူလပိုင်ရှင် ဒေါ်စိန်အိ ထံမှ တစ်ဆင့် ဝယ်ယူလက်ရောက်ရယူထားသူ ဒေါ်တင်မေသန်းထံမှ ဒေါ်ဆွေဆွေသန်းက (အရပ်ကတိစာချုပ်ဖြင့်) ဝယ်ယူပြီး စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** ဒေါ်ဆွေဆွေသန်း

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B) ဦးနိုင်သူရဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**အခန်းအမှတ်(၁၃)၊ရပ်ကွက်ကြီး(၆)၊**
**ဗိုလ်ချုပ်လမ်း၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၄၉၉၀၀၁၅၅၊၀၉-၇၉၅၃၆၁၉၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၃၀/ကြပ်ပြင်ကြီးကွင်း၊ မြေကွက်အမှတ် (၇ဃ)၊ မြေဧရိယာ ၀ဒသမ ၀၉ကေရှိ ဦးစံလှ(ဘ)ဦးတက်ခ ၇/ကဝန(နိုင်)၀၂၈၂၆၅ အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်အား ဦးစံလှထံမှ တောင်ငူမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ (၁၅/၂၀၁၁)(၁၇-၂-၂၀၁၁) အရ ဒေါ်စမ်းစမ်းမြင့်(ဘ)ဦးအောင်မောင်း ၉/လဝန(နိုင်)၀၃၄၁၀၇ မှ ဂရန်မိတ္တူ၊တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်းများ တင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ကုန်းဘောင်(၁၂)လမ်း၊ မြေကွက်အမှတ် (၁၀၉၄/က)၊ မြေပေအကျယ် (၂၀ x ၆၀)ကေ၊ စတုရန်းပေ(၁၂၀၀) ရှိ နှစ်(၆၀) ဂရန်မြေကွက် အမည်ပေါက် မိခင် ဒေါ်ခင်ကြည်(CG-၀၄၀၆၄၀)နှင့် ဖခင် ဦးတင်ဝင်းတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးနှင့် မြေးများဖြစ်ကြသော ဦးတင့်လွင် ၁၂/ဥကတ(နိုင်)၁၄၉၈၈၆၊ ဒေါ်ညွန့်ညွန့် ၁၂/ဥကတ(နိုင်)၂၀၁၇၄၀၊ ဦးမျိုးညွန့် ၁၂/ဥကတ(နိုင်)၁၂၆၀၄၅၊ ဒေါ်ဝိုင်းဝတ်ရည်ရဲတင့် ၁၂/ဥကတ(နိုင်)၁၆၂၄၉၀၊ ဦးအာကာရဲတင့် ၁၂/ဥကတ(နိုင်)၁၇၄၆၈၇တို့က ယင်းမြေကွက်နှင့် မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၂)ထပ် လုံးချင်းနေအိမ် အပါအဝင်ကို မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက် အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း(၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၇၂၀-ခ)နေ(ဘ)ဦးကျော်ညွန့်၏ သမီးဖြစ်သူ ဒေါ်ယမင်းဇင်မာ ၅/ခဥတ(နိုင်)၀၀၀၁၂၃ မှ (၃၁-၁-၂၀၁၉) ရက်နေ့တွင် လှိုင်ကော်မြို့၊ ဒေါ်ဥခုနေ (ဘ)ဦးတင်ဝင်း၏ သမီး ဖြစ်သူ ဒေါ်ယမင်းသူ ၂/လကန(နိုင်)၀၅၂၀၅၀ ထံသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် (၁၁၀/ ၂၀၁၉)အား ပယ်ဖျက်ရုပ်သိမ်းလိုက်ပြီဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နီလာဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၆၂)**
**အမှတ်(၈၆)၊ နဝဒေးလမ်း၊ စကားတောင် ပြည်မြို့။**
**ဖုန်း-၀၉ ၄၃၁ ၃၁၀ ၈၁**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးရွာနေ ဦးစိုးမြင့်၏သား မောင်စိုးသီဟ ၅/ယမပ(နိုင်)၀၇၉၉၀၉ ၏ နိုင်ငံကူး လက်မှတ်နံပါတ် MB 438352 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၇၇၅၉၀၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/32237, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc. (General Dental Practice) | ၁ နှစ် |
| (ခ) | သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ Dip.D.Sc. (Dental Implantology) | ၁ နှစ် |

**သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(အထူးပြု)ဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) M.D.Sc. (Oral & Maxillofacial Surgery) | ၂ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (မေးရိုးနှင့်ခံတွင်းဆေးပညာ)M.D.Sc. (Oral Medicine) | ၂ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားရောဂါကုဆေးပညာ)M.D.Sc. (Conservative Dentistry) | ၂ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားတုဆေးပညာ)M.D.Sc. (Prosthodontics) | ၂ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဖုံးရောဂါကုပညာ)M.D.Sc. (Periodontology) | ၂ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) M.D.Sc. (Preventive & Community Dentistry) | ၂ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကလေးသွားကျန်းမာရေးပညာ)M.D.Sc. (Paediatric Dentistry) | ၂ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားညှိကုပညာ) M.D.Sc. (Orthodontics) | ၂ နှစ် |
| (ဈ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) M.D.Sc. (Oral Biological Science) | ၂ နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) Dr.D.Sc. (Oral & Maxillofacial Surgery) | ၃ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (မေးရိုးနှင့်ခံတွင်းဆေးပညာ)Dr.D.Sc. (Oral Medicine) | ၃ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (သွားရောဂါကုဆေးပညာ)Dr.D.Sc. (Conservative Dentistry) | ၃ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (သွားတုဆေးပညာ) Dr.D.Sc. (Prosthodontics) | ၃ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (သွားဖုံးရောဂါကုပညာ)Dr.D.Sc. (Periodontology) | ၃ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) Dr.D.Sc. (Preventive & Community Dentistry) | ၃ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (ကလေးသွားကျန်းမာရေးပညာ)Dr.D.Sc. (Paediatric Dentistry) | ၃ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (သွားညှိကုပညာ) Dr.D.Sc. (Orthodontics) | ၃ နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) Ph.D. (Oral Biological Science) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် အထွေထွေသွားရောဂါကုဒီပလိုမာ သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S.) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လက်ရှိတရားဝင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ဆေးကုသခွင့်မှတ်ပုံတင်(သခ) သက်တမ်း (၂)နှစ် ပြည့်ပြီး (သခ) သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။
(၄) အသက် သတ်မှတ်ချက် မရှိပါ။
(၅) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

**(ခ) သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S.) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(၅) ဒီပလိုမာရရှိပြီးနောက်၊ အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဂ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(အထူးပြု)သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S.) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိ ထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(၅) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅) နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဃ) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ (M.D.Sc.) (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိသူ ဖြစ်ရမည်။
(၃) သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) သင်တန်းအတွက် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ/ သွားဘက် ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) (သို့မဟုတ်) မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။
(၄) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်ရရှိပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများမှ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) သင်တန်းအတွက် လျှောက်ထားလိုပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၃)နှစ်နှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်ထားလိုပါက စုစုပေါင်းလုပ်သက် (၄)နှစ် ရှိရမည်။
(၆) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၇) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့ ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၄-၈-၂၀၂၃)ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။(က) ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် အထွေထွေသွားရောဂါကုဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားရမည်။

(ခ) နိုင်ငံ့ဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် သွားမြစ်တုအစားထိုး ဆေးကုသမှုပညာဒီပလိုမာသင်တန်း၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာများကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်ထံလိပ်မူ၍ လျှောက်လွှာပိတ်ရက်မတိုင်မီ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-
ပါရဂူသင်တန်းများ - ၅-၁၀-၂၀၂၃ (ကြာသပတေးနေ့)
ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်းများ - ၆-၁၀-၂၀၂၃ (သောကြာနေ့)

၇။ ဝင်ခွင့်စာမေးပွဲစစ်ဆေးမည့်အစီအစဉ်

❖ ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်သော Dip.D.Sc (GDP) သင်တန်းအတွက်
- ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ MCQ (၂)နာရီမေးခွန်း

❖ နိုင်ငံ့ဝန်ထမ်းဆရာဝန်များအတွက် ဖွင့်လှစ်သော ဒီပလိုမာသင်တန်း (Dip.D.Sc., Dental Implantology) အတွက်
- ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ MCQ (၂)နာရီမေးခွန်း
- ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် (၂)ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

❖ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ အားလုံးအတွက်
- ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ MCQ (၂)နာရီမေးခွန်း
- ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် (၂)ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

❖ သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ အားလုံးအတွက်
- ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ Essay type (၃)နာရီမေးခွန်း
- ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် (၂)ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်းသွားဘက်ဆိုင်ရာဆရာဝန်များသည် ဘွဲ့လွန် သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ကိုလည်းကောင်း၊ ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်း တိတိ) ကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-010219 သို့ ပေးသွင်း ရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၏ ငွေစာရင်းအမှတ် MD-010219သို့ လိပ်မူ၍ ငွေလွှဲ စနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့် မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ Website: http://www.udmyangon-edu.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဘွဲ့လွန်ဌာနစိတ်၊ ဖုန်း (၀၁-၇၅၇၀၈၄၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ- ၁၄)
### ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
### ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေ အယူခံမှု အမှတ် -၁

COMIN ASIA CO.,LTD (ကုမ္ပဏီ ကိုယ်စားဦးမင်းမင်း) နှင့် ၁။ DATA(MYANMAR) ENGINEERING & TRADING CO.,LTD
၂။ မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာန Myanmar Arbitration Centre

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာ ၁၁ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၁၃၆/၂၀၂၀ အမှုတွင် ချမှတ်သော အမိန့်အပေါ်အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အေးလမ်း၊ ရွှေအုန်းပင်အိမ်ရာ၊ အခန်းအမှတ် (၅၂)၊ တိုက်အမှတ် ၁၀ နေ အယူခံတရားပြိုင် အမှတ်(၁) DATA(MYANMAR)ENGINEERING & TRADING CO.,LTD (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ရက်(၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက် သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ် ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံအမှုတွင် ဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းထားသော အချိန်အတွင်း ဤကဲ့သို့သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်း ရမည်။

၂၀၂၃ခုနှစ်၊ ဇွန် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာကျော်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ အထက(ခွဲ) ထန်းရုံကျောင်း Grade-11 မှ မသင်းသဇင်ခိုင်၏ ဖခင် အမည်မှန်မှာ ဦးကျော်ရွှေ ၈/သရန(နိုင်)၀၆၃၇၁၃ ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ တောင်ရင်းကျေးရွာနေ ဦးသာထွန်းအောင်၏ သမီး မကျော်မြစိန် ၁၁/ပဏတ(နိုင်) ၁၁၂၃၃၅ အား မခိုင်ခိုင်ဌေးဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

---

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက (ဘီလူး) Grade-7 မှ မောင်ကျော်ဆန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၁၁/အမန(နိုင်) ၀၈၁၆၂၉ ဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စေတီတောင်ရပ်ကွက်နေ ဦးမောင်အုန်းခင်၏ သမီး မအုန်းမြင့် ၁၁/ အမန(နိုင်)၀၉၀၁၅၀ ၏ အမည်မှန်မှာ မအုန်းမြင့် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၀၂ ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

လားရှိုးမြို့၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၊ အလက(၈)မှ Grade-10 တွင် ပညာသင်ကြားနေသော မမိုးသဉ္ဇာကိုအား မအေးနှင်းသွယ်သွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန် ကြေညာအပ်ပါသည်။

---

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၊ G-5 တွင် ပညာသင်ကြားနေသော မောင်အောင်မျိုးခန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင် ဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

အမ်းမြို့နယ်၊ ကဇုကိုင်း အထက(ခွဲ)ကျောင်း Grade-10 မှ မောင်ကျော်နိုင်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၂၀၀၇၊ ဖခင် ဦးမောင်စိုး၏ အမည်မှန်မှာ ဦးမောင်ဆိုး၊ မိခင် ဒေါ်မေမြ၏ အမည်မှန်မှာ ဒေါ်မြစိန် ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၀ဧကရှိ ဦးအေးကို ၁၂/ဒဂန(နိုင်)၀၁၀၉၁၇ (ဘ) ဦးတင်မောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၀၆၇)ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၀၉၀/၂၀၂၀ (၁၁-၁၂-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ် စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းအေးအေးခိုင် ၁၂/မဂတ(နိုင်)၀၀၀၁၅၁ (ဘ) ဦးမောင်ဝင်းမှ ဒေါ်တင်ဌေးဝင်း၊ ဒေါ်စန္ဒာဝင်း ၁၂/မဂတ(နိုင်)၀၂၇၉၀၅ ၁၂/မဂတ(နိုင်)၀၀၁၃၃၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၀၆၇၆)၊ မြေဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဦးသာမြင့်ထူး (ဘ)ဦးစိုးမြင့် ၁၂/စခန(နိုင်)၀၅၈၀၄၁ အမည်ပေါက် (ပါမစ်) မြေကွက်ကို ဦးဟိန်းမြင့်နိုင် (ဘ)ဦးမြင့်နိုင် ၅/အရတ(နိုင်)၀၇၀၂၅၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀.၂၂၉ဧက၊ မြေကွက်အမှတ် (ဥ-၅၉၆၈)၊ ဒေါ်လှယဉ်ဇေ (ဘ) ဦးသိန်းတန် ၁၂/မဂတ(နိုင်)၀၀၂၄၅၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်စိမ်းစန္ဒာ (ဘ)ဦးဟန်ဝင်းအောင် ၁၂/တမန(နိုင်)၀၉၁၄၁၆မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရား ရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက် ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး
# သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc.(General Dental Practice) | (၁)နှစ် |
| (ခ) | သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ Dip.D.Sc (Dental Implantology) | (၁)နှစ် |

**သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) M.D.Sc (Oral and Maxillofacial Surgery) | (၂)နှစ် |
